မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေး အထူးဝါယမစိုက် အားထုတ်ကြိုးပမ်း သတ်မှတ်ထားသော စပါးစိုက်ဧက လေးသိန်းပြည့်မီအောင် ဝိုင်းဝန်းဆောင်ရွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာများနှင့် ဒေသခံများ တက်ညီလက်ညီစွမ်းဆောင်

နေပြည်တော်မြို့တော် မေ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံ–ကက်တောင်လမ်းရှိ ယန်းလောကွင်း၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နွေစပါး စိုက်ခင်းများအတွင်း ဘိုင်အိုကွန်ပိုဇာ မြေဩဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ နိုင်ငံတကာသတင်း၊ အင်တာနက်သတင်း နှင့် ဓာတ်ပုံအညွှန်း

❒ မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရုပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးလမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိနိုင်ငံတော် အခြေအနေတို့နှင့် ကင်းကွာ၍ မရနိုင်ပါချေ။

အောင်မိုးစံ၏ဆောင်းပါး (စာ-၃)

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် ရေလွှမ်းမိုးသည့် အန္တရာယ်ကြုံတွေ့။

နိုင်ငံတကာသတင်း (စာ-၅)

ဝင်ဘယ်ဒန်အမျိုးသမီးတင်းနစ်ချန်ပီယံများ အမျိုးသားများနည်းတူ ဆုကြေးငွေရရှိရေး ကြိုးပမ်းမည်။

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီ ၅ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်း

"ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်"ဟူသော မူးယစ်စေတတ်သည့် အရာများသည် မြန်မာ့လူမှုစနစ်တွင် မည်သည့်အခါကမျှ သုံးစွဲခွင့်မပြုခဲ့ဘဲ လူကို အန္တရာယ်ပြုသော အရာများ၊ လူကို ဒုက္ခရောက်စေသော အရာများအဖြစ် သတ်မှတ်ခဲ့ကြသည်။

ရှေးအခါက မြန်မာ့မြေပေါ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမရှိခဲ့သော်လည်း နယ်ချဲ့တို့က ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်ရေးကို အားပေးဆောင်ရွက်ခဲ့ကြသဖြင့် ဘိန်းစိုက်ပျိုးမှုမှာ တစ်စတစ်စပြန့်ပွားလာခဲ့ရသည်။

မျက်မှောက်ကာလတွင်လည်း ဘိန်းဖြူ၊ ဖင်ဆီဒိုင်း၊ စိတ်ကြွဆေးစသည့် မူးယစ်ဆေးဝါးများသည် ကမ္ဘာ့လူသားတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။

လူသားထုတစ်ရပ်လုံးကို လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ၁၉၉၉ခုနှစ်မှစ၍ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ၏ အင်တိုက်အားတိုက်ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးများအား ရှာဖွေဖမ်းဆီးဖျက်ဆီးခြင်း၊ သယ်ဆောင်ရောင်းဝယ်သူများ၊ သုံးစွဲသူများအား တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်းစသည့် နည်းလမ်းများကို ကျင့်သုံးလျက်ရှိသည်။

ထို့အပြင် အခြားတစ်ဖက်မှလည်း ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေရေးအတွက် ဘိန်းစိုက်ပျိုးသည့် နယ်စပ်ဒေသများတွင် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူမှုဘဝမြင့်မားလာရေးအတွက် ဘိန်းအစားထိုး အခြားသီးနှံများ စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီသော တိရစ္ဆာန်များ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးတို့ကို ထူထောင်အားပေးခြင်းနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအား သိရှိရေး ပညာပေးစည်းရုံးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို စီမံကိန်းကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ ပထမငါးနှစ်တာ ကာလအတွင်း အောင်မြင်မှုရရှိခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း ဒုတိယငါးနှစ်တာ ကာလအတွင်းတွင်လည်း မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များက စီမံကိန်းလုပ်ငန်းများကို ပြည်သူတို့နှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားတို့ကို လူညွန့်တုံးစေနိုင်သဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးထိန်းသိမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ထိရောက်စွာအကောင်အထည်ဖော် ကြက်ဆူပင်စိုက်ပျိုး၍ ပြည်သူများအကျိုးရှိအောင်ဆောင်ရွက်

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ်၃၁ ရက်က မွန်ပြည်နယ် မော်လမြိုင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် အရည်အချင်း ပြည့်ဝသော အသင်းဝင်များဖြစ်လာရန် ကြိုးပမ်းကြရေး၊ အသင်းဝင်များသည် အသင်းကြီး၏မွန်မြတ်သည့် ရည်ရွယ်ချက်များ၊ တာဝန်ဝတ္တရားများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ အသင်းကြီး၏ရည်ရွယ်ချက်ငါးရပ်တို့ကို ရှင်းရှင်းလင်းလင်း သိမြင်ပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးမူဝါဒ ငါးရပ်ကို ထိရောက်စွာအကောင်အထည်ဖော်ရေး၊ ကြက်ဆူပင်စိုက်ပျိုး၍ ပြည်သူများအကျိုးရှိအောင် ကူညီဆောင်ရွက်ပေးရေး မှာကြားသည်။

တက်ရောက်

ထို့နောက် သင်တန်းထူးချွန်ဆု ရရှိသူများအား ဗဟိုအလုပ်အမှုဆောင်က ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၈၅ဦးတို့ တက်ရောက်ကြသည်။

ကြည့်ရှု

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၁ရက်တွင် မုဒုံမြို့ ကန်ကြီးစေတီတော်သို့ရောက်ရှိပြီး ကန်ကြီးစေတီတော် ဘက်စုံမွမ်းမံဆောင်ရွက်နေမှုအား ကြည့်ရှုသည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ သူနာပြုသင်တန်းကျောင်းသို့ သွားရောက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် သူနာပြုသင်တန်းသူများနှင့် တွေ့ဆုံကာ လူနာများကို ပြုစုကုသခြင်းဖြင့် လူတိုင်းကျန်းမာ အသက်ရှည်စွာနေထိုင်ရေး ကုသိုလ်ဒါနပြုရန် ယုံကြည်ချက်ခံယူချက် ပြည့်ဝစွာဖြင့် တာဝန်ကျရာ ကျေးလက်ဒေသများ၌ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စများကို ပြည်သူများနှင့် ပူးပေါင်းပါဝင် ထိထိရောက်ရောက် ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး သင်တန်းကျောင်းအတွက် ပံ့ပိုးငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ပံ့ပိုးငွေများပေးအပ်

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် မော်လမြိုင် ပညာရေး ကောလိပ် ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ပညာရေးကဏ္ဍတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆိုသော ဆောင်ပုဒ်နှင့်အညီ တာဝန်ကျရာဒေသများ၌ လူ့အရည်အသွေး မြင့်မားရေးဆောင်ရွက်ကြရန်နှင့် ပြည် ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင်၊ ဆောင်ရွက်ကြရန် မှာကြားပြီး သင်တန်းသားများအတွက် ပံ့ပိုးငွေများပေးအပ်သည်။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

မော်လမြိုင်စက်မှုဇုန် တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် မော်လမြိုင်မြို့ စက်မှုဇုန်သို့ သွားရောက်ပြီး စက်မှုဇုန် ရှင်းလင်းဆောင်၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ စက်မှုဇုန်အတွင်းရေးမှူးက စက်မှုဇုန်အတွင်း ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းများ အကောင်အထည်ဖော်မှုကိုတင်ပြပြီး လုပ်ငန်းရှင်များကလည်းတင်ပြရာ ဝန်ကြီးကလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

လှည့်လည်စစ်ဆေး

သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဧပြီ ၂ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ထန်းပင်ချောင်ဆားကွင်းသို့ ရောက်ရှိပြီး ဆားကွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နှစ်ဖက်သော မိဘများအား အမှူးထား၍ အခန်း ၃၀၆ ဆာကူရာအိမ်ရာ အင်းလျားလမ်း ကမာရွတ်မြို့နယ်နေ ဦးဇော်မိုးခိုင်-ဒေါက်တာ စောနေနွယ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၈။ ခါသကြိန်အဆိုအကများ
၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၇။ ခါသကြိန်အဆိုအကများ
၄:၄၀ ၈။ မျိုးချစ်တပ်မတော်
၄:၅၀ ၉။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀၁၀။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၀ ၁၁။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၃၀ ၁၂။ ခါသကြိန်အဆိုအကများ
၅:၄၅ ၁၃။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ နိုင်ငံတကာသတင်း
၆:၂၀ ၁၆။ မိုးလေဝသသတင်း
၆:၂၅ ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၈။ လျှပ်တစ်ပြက်
၇:၀၀ ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၂၈)
၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၂။ ဗွီစီဒီကျော်ကြားတေးများ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂၁)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေး အစီရင်ခံစာဆိုသည်မှာ

အောင်မိုးစံ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်တွင် ၂၀၀၅ ခုနှစ်အတွက် နိုင်ငံတကာလူ့အခွင့်အရေး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ နှစ်စဉ်လူ့အခွင့်အရေး အစီရင်ခံစာဆိုတာဟာ အမေရိကန်တို့ မလိုလားတဲ့နိုင်ငံတွေ၊ အမေရိကန်ရဲ့ ဩဇာမခံတဲ့ နိုင်ငံတွေကို ပစ်မှတ်ထားပြီး ထိုးနှက်တိုက်ခိုက်မှု သက်သက် ဖော်ပြချက်များသာ ဖြစ်ပါတယ်။ ဒီလူ့အခွင့်အရေး အစီရင်ခံစာဟာ အမေရိကန်တို့ကိုယ်တိုင် ပြည်တွင်း၊ပြည်ပမှာ လူ့အခွင့်အရေး ဖောက်ဖျက် ကျူးလွန်နေမှုတွေကို ဖုံးကွယ်ပြီး သူတို့ကိုယ်တိုင်ကတော့ ခြောက်ပစ်ကင်း သဲလဲစင်လို ဟန်ဆောင်ထားပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ အစီရင်ခံစာအပေါ် စွပ်စွဲခံရတဲ့ နိုင်ငံအသီးသီးတို့က ပယ်ချခဲ့ကြပါတယ်။

တရုတ်နိုင်ငံကို ပြစ်တင်ဝေဖန်ထားတဲ့ အဲဒီ လူ့အခွင့်အရေး အစီရင်ခံစာအပေါ် တရုတ်နိုင်ငံ အစိုးရရဲ့ တုံ့ပြန်ဝေဖန်တဲ့ အစီရင်ခံစာမှာ လူမျိုးရေးခွဲခြားမှုများမှသည် ရာဇဝတ်မှုခင်းများအထိ အမေရိကန်နိုင်ငံအတွင်း ဖြစ်ပျက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အသေးစိတ် ဖော်ပြထားပါတယ်။

“အမေရိကန်နိုင်ငံရဲ့ မြင့်မားနေတဲ့ လူသတ်မှုနှုန်း၊ ပြည်သူတို့ရဲ့ တယ်လီဖုန်း၊ အီးမေးလ်ဆက်သွယ်မှုများကို ခိုးယူနားထောင်မှုနဲ့ အီရတ်တွင် အမေရိကန်တပ်ဖွဲ့များက အီရတ်သတင်းထောက်များကို ဖမ်းဆီးထိန်းသိမ်းမှု စတာတွေကို ထည့်သွင်းဖော်ပြထားပါတယ်။ တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနကတစ်ဆင့် ထုတ်ပြန်သော အဲဒီအစီရင်ခံစာထဲတွင် မိမိတို့ရဲ့ ကိုယ်ပိုင်လူ့အခွင့်အရေးပြဿနာများကို မျှမျှတတ ကိုင်တွယ် ဖြေရှင်းဖို့၊ မိမိတို့ရဲ့ လုပ်ရပ်များကို ပြန်လည်စဉ်းစားသုံးသပ်ဖို့၊ မိမိတို့ရဲ့ လူ့အခွင့်အရေးအခြေအနေများကို တိုးတက်ကောင်းမွန်စေဖို့အတွက် လက်တွေ့ကျကျ လုပ်ဆောင်ဖို့ အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းပါရစေ။ အမေရိကန်နိုင်ငံဟာ သူ့ကိုယ်သူ စံပြဒီမိုကရေစီနိုင်ငံဆိုပြီး ကြွားဝါလေ့ရှိပါတယ်။ သူတို့ ဒီမိုကရေစီကို ကျန်ကမ္ဘာ့နိုင်ငံတွေက အတုယူရမယ့်ပုံစံမျိုး ချီးလေ့ရှိတယ်” စသဖြင့် ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်ကန်ကလည်း ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ခုမှာ တရုတ်နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာလျက်ရှိကြောင်း၊ တရုတ်အစိုးရဟာ အရာရာတိုင်းတွင် ပြည်သူတို့အပေါ်ထားရှိတဲ့မူဝါဒကို လိုက်နာ စောင့်ထိန်းလျက်ရှိကြောင်း၊ ဥပဒေနဲ့အညီ ဒီမိုကရေစီနိုင်ငံ တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတွင် ထိုင်းနိုင်ငံအား လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း စွပ်စွဲထားမှုနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံကလည်း မတ်လ ၁၁ရက်တွင် ပြစ်တင်ဝေဖန် ပြောဆိုခဲ့တယ်။ ဆင်ဟွာသတင်းဌာနသို့ ပေးပို့ခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာမှာ အမေရိကန်တို့ရဲ့ လူ့အခွင့်အရေး အစီရင်ခံစာမှာ ဖော်ပြထားတဲ့ စွပ်စွဲချက်များဟာ အမှန်တရားနဲ့ အလွန်ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနဲ့ စရိုက်လက္ခဏာများရှိကြောင်း၊ အခြားနိုင်ငံတစ်နိုင်ငံရဲ့ အခြေအနေကို မိမိနိုင်ငံရဲ့ အခြေအနေနဲ့လိုက်ပြီး ဆုံးဖြတ်ခြင်းဟာ မမှန်ကန်နိုင်ကြောင်း ဖော်ပြထားပါတယ်။ မကြာသေးခင်က ထုတ်ပြန်တဲ့ အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာဟာ ထိုင်းနိုင်ငံရဲ့ အခြေအနေမှန်နဲ့ မကိုက်ညီကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီဟာဆက်ကလည်း ပြောကြားခဲ့ပါတယ်။

အလားတူပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေး အစီရင်ခံစာမှာ မြန်မာနိုင်ငံအပေါ် စွပ်စွဲဖော်ပြမှုနဲ့ ပတ်သက်လို့လည်း မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၀၆ ခုနှစ် မတ်လ ၁၅ ရက်နေ့ သတင်းထုတ်ပြန်ချက်တွင် အခုလို ထည့်သွင်းဖော်ပြထားပါတယ်။

“မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူကထက် မည်သည့်ပြည်ပနိုင်ငံကမျှပို၍ သယ်ပိုးဆောင်ရွက်နိုင်မည်မဟုတ်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ရပ်သာဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကို မသိကျိုးကျွန်ပြုထားပါသည်။ သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချလိုက်သည်”

ဒါတွေဟာ နိုင်ငံအသီးသီးတို့ဟာ ကိုယ်ပိုင်သမိုင်းကြောင်း၊ ကိုယ်ပိုင်အခြေအနေနဲ့ လူမှုဘဝအပေါ် အခြေခံပြီး ဖြစ်ပေါ်တိုးတက်ရတာ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ဖော်ပြမှုများ ဖြစ်ပါတယ်။

“လူဟာ စားဝတ်နေရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ကိုင်စွဲရတဲ့ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်သလောက်သာ ဆက်ဆံဆောင်ရွက်နိုင်မှာဖြစ်တယ်။ ကုန်လုပ်ဆက်ဆံရေး(လူလူချင်းဆက်ဆံရေး)တွေက မိမိတို့အလိုဆန္ဒရှိတိုင်း မဆောင်ရွက်နိုင်။ အဲဒီ ဆက်ဆံရေးအစုအပေါင်းကို လူ့အဖွဲ့အစည်းရဲ့ စီးပွားရေးစနစ်လို့ ဆိုရပါမယ်။ ဒီအခြေခံ အုတ်မြစ်ပေါ်မှာသာ လူတွေရဲ့ အသိတွေ၊ ဥပဒေတွေနဲ့ နိုင်ငံရေးစနစ်တွေ ပေါ်ထွန်းရတာဖြစ်တယ်”ဆိုတဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားကို မျက်ကွယ်ပြုပြီး အမေရိကန်တို့ အလိုဆန္ဒစွဲတစ်ခုတည်းနဲ့ ထုတ်ပြန်တဲ့ လူ့အခွင့်အရေးအစီရင်ခံစာသာ ဖြစ်နေပါတယ်။

လူသားတွေရဲ့ အခြေခံအကျဆုံးလူ့အခွင့်အရေးဟာ စားဝတ်နေရေးပဲ ဖြစ်ပါတယ်။ လူ့သမိုင်းမှာ လူဟာရှေးဦးပထမ မိမိစားဝတ်နေရေးကို ဦးတည်အားထုတ်တယ်။ ဒီကတစ်ဆင့် ဘာသာကိုးကွယ်မှု၊ နိုင်ငံရေး၊အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုစတာတွေကို တစ်ဆင့်တက် အားထုတ်လာတာ ဖြစ်ပါတယ်။ လူမှုတော်လှန်ရေးတွေဟာ စီးပွားရေးတော်လှန်ပြောင်းလဲမှုတွေနဲ့ စတင်လေ့ရှိတယ်။ လူ့အဖွဲ့အစည်းရဲ့ နှလုံးသည်းပွတ်ဟာစီးပွားရေးကုန်ထုတ်လုပ်ရေးဖြစ်တဲ့အတွက်စီးပွားရေးကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးရင် ဖွံ့ဖြိုးသလောက် ကျန်တဲ့နယ်ပယ်တွေ ဝေဆာကျယ် ပြန့်လာလေ့ရှိတယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

လူ့အခွင့်အရေးဟာ စကြဝဠာကို စိုးမိုးတယ်ဆိုတဲ့ လူမှုသိပ္ပံတရားဟာ မှန်ပါတယ်။ နိုင်ငံအသီးသီးတို့ရဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနည်းပညာသစ်များ တိုးတက်လာရေးဟာ လူသားက စကြဝဠာကို စိုးမိုးလာမယ့် အခြေခံလူ့အခွင့်အရေးတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကနေ့ နိုင်ငံတကာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ကိုလိုနီစနစ်အောက်က ဒဏ်ရာဒဏ်ချက်များနဲ့ လွတ်မြောက်လာတဲ့ နိုင်ငံတွေ၊ ဗဟိုချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်က ဒီမိုကရေစီထူထောင်ကူးပြောင်းလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါများက မလိုတစ်မျိုး လိုတစ်မျိုး စီးပွားရေးပိတ်ဆို့ အရေးယူမှု၊ အကူအညီဖြတ်တောက်မှုတွေ လုပ်နေတာဟာ အကြီးအကျယ် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပါတယ်။ ဒါဟာ ခေတ်နောက်ကျန် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူတွေရဲ့ လူ့အခွင့်အရေးကို တစ်ဖက်သတ် ချိုးဖောက်နေမှုပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာ လူ့အခွင့်အရေးစံများအပေါ် နိုင်ငံရေးသိပ္ပံ ရှုထောင့်က ရှုမြင်သုံးသပ်ချက်တွေကို အခုလို တွေ့ရပါတယ်။

“လူ့သမိုင်းဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ လူ့အခွင့်အရေးတည်းဟူသော အသိနှင့်ယင်း၏ အတွင်းသဏ္ဌာန်တို့မှာလည်း အဆက်မပြတ် ဖြစ်ပေါ်တိုးတက်လျက်ရှိသည်။

“မျက်မှောက်ကမ္ဘာပေါ်မှာ ဆင်းရဲ ချမ်းသာ ကွာဟမှု တစ်နေ့တခြားကြီးမားလာလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ အမြောက်အမြား၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ ၃ပုံ ၁ပုံသည် ဆင်းရဲကျပ်တည်းစွာ နေထိုင်မြဲ နေထိုင်နေကြရသေးသည်။ ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများအဖို့ပြောရလျှင် အရေးတကြီး အလိုအပ်ဆုံး လူ့အခွင့်အရေးပြဿနာသည် အသက်ရှင် ရပ်တည်ခွင့်နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးခွင့်တို့ပင် ဖြစ်မြဲဖြစ်နေသေးသည်။ ထို့ကြောင့် ဖွံ့ဖြိုးခွင့်ကို ဦးစားပေး အလေးထားသင့်သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးခွင့်ပြဿနာကို အလေးထားကြရန်၊ အာရုံစိုက်ကြရန် တက်ကြွ ထိရောက်သော စီမံချက်များ ကျင့်သုံး၍ ကမ္ဘာ့စီးပွားရေး စည်းစနစ်တွင် တည်ရှိနေသော တရားမျှတမှုမရှိ၊ နည်းလမ်းမကျသော အခြင်းအရာများ ပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာစီးပွားရေးပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်အောင် လက်တွေ့ကျကျ ဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုကို ကန့်သတ်ချုပ်ချယ်သော အကျိုးမရှိသည့်အကြောင်းတရားများကို ပြေလျော့စေပြီး တစ်စတစ်စ ပပျောက်သွားစေရန်၊ နိုင်ငံတကာစီးပွားရေး စည်းစနစ်သစ် ထူထောင်ကြရန်၊ လူမျိုးရေးဝါဒ၊ ကိုလိုနီဝါဒ၊ ဖိုလ်ကျလွှမ်းမိုးရေးဝါဒ၊ တိုင်းတစ်ပါးကျူးကျော်မှု၊ သိမ်းပိုက် မှုနှင့် စွက်ဖက်မှုစသည့်ဖွံ့ဖြိုးခွင့်ကို ထိခိုက်စေသော အကြောင်းတရားများ ပပျောက်သွားပြီး ဖွံ့ဖြိုးခွင့် ရပ်လုံးပေါ်ရေးအတွက် အကျိုးရှိသော နိုင်ငံတကာ ပတ်ဝန်းကျင်ဖန်တီးကြရန် လိုအပ်သည်။

ပြည်တွင်းရေးမစွက်ဖက်ရေးမူသည် လူ့အခွင့်အရေးပြဿနာတွင် အသုံးမတည့်ဟု ယူဆသော အဆိုမျိုးသည် စင်စစ်အားဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများအား လူ့အခွင့်အရေး ပြဿနာတွင် နိုင်ငံ အချုပ်အခြာအာဏာပိုင်မှုကို စွန့်လွှတ်ရန် တောင်းဆိုခြင်းပင်ဖြစ်ရာ နိုင်ငံတကာ ဥပဒေကို ဖောက်ဖျက်ဆန့်ကျင်ရာ ရောက်ပေသည်။ လူ့အခွင့်အရေးပြဿနာကို အသုံးချ၍ တစ်ပါးနိုင်ငံတို့အား ယင်း၏ တွေးခေါ်မြော်မြင်မှုကို အတင်းအဓမ္မလက်ခံခိုင်းသည့် နိုင်ငံရေး ရည်ရွယ်ချက်သည် မည်သို့သော လူ့အခွင့်အရေးပြဿနာမျှ မဟုတ်တော့ဘဲ တစ်ပါးနိုင်ငံ ပြည်တွင်းရေးကို စွက်ဖက်သည့် အာဏာနိုင်ငံရေး၏ ဖော်ပြချက်သာ ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားမှုအတွင်းမှ ဤသို့သော မှုမမှန်သည့် အခြင်းအရာမျိုးကို ဖယ်ရှားပစ်သင့်သည်။ တည့်မတ်အောင် ပြုပြင်ပေးသင့်သည်။

“မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးလမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိ နိုင်ငံတော် အခြေအနေတို့နှင့် ကင်းကွာ၍ မရနိုင်ပါချေ။ ထို့ပြင် အချုပ်အခြာအာဏာပိုင် နိုင်ငံက ပြည်တွင်းဥပဒေပြုမှုဖြင့် လူ့အခွင့်အရေးစနစ်ကို တိကျစွာ အသိအမှတ်ပြုရန်နှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်” ကုလသမဂ္ဂ (၄၅)ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွင် ထောက်ပြထားသကဲ့သို့ပင် **“နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစနစ်တို့ကို မိမိဘာသာ ရွေးချယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အခွင့်အရေးရှိကြသည်”** (၄၆)ကြိမ်မြောက် လူ့အခွင့်အရေး ညီလာခံ ဆုံးဖြတ်ချက်တွင်လည်း “ယဉ်ကျေးမှု အားလုံးနှင့် ပြည်သူအားလုံးအတွက် အသုံးတည့်သည့် တစ်မျိုးတည်းသော ဖွံ့ဖြိုးမှုပုံစံမျိုး မည်သို့မျှမရှိနိုင်ဟု ထောက်ပြထားသည်။ မိမိ၏ပုံစံကို သတ်မှတ်စံအဖြစ်ထား၍ အခြားနိုင်ငံများအား ဝေဖန်အကဲဖြတ်ခြင်း၊ မိမိ၏ပုံစံကို တစ်ပါးသူအပေါ် အတင်းအဓမ္မပုံသွင်းခြင်းတို့သည် မသင့်လျော်ရုံသာမက လုံးဝလည်း ကျင့်သုံးရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် လူ့အခွင့်အရေး နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု၏ အဓိက ရည်ရွယ်ချက်များနှင့် လှုပ်ရှားမှုများသည် နိုင်ငံတကာလူ့အခွင့်အရေး နယ်ပယ်၏ ပုံမှန်ပူးပေါင်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ အနိုင်နိုင်ငံ အကြားမှ သင့်မြတ်ရေး၊ အပြန်အလှန်နားလည်ရေး၊ အပြန်အလှန် လေးစားရေးကိုလည်းကောင်း တိုးတက်ဖြစ်ထွန်းစေရမည်ဖြစ်သည်။ အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့်မတူ ခြားနားသော သမိုင်းကြောင်း၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနောက်ခံရှိ နိုင်ငံများ၏ လူ့အခွင့်အရေးအပေါ်အမြင်များကိုလည်း ထည့်သွင်း စဉ်းစားသင့်ကြသည်။ တူညီချက်များကို ရှာ၍ ခြားနားချက်များကို အသာ ထားရေး၊ အပြန်အလှန်လေးစားရေး၊ နားလည်မှုတိုးပွားရေး၊ ပူးပေါင်း ဆောင်ရွက်မှုအားဖြည့်ရေး စိတ်ဓာတ်တို့ကို အရင်းခံ၍ ဆောင်ရွက်သင့်ကြသည်။”

ဒါကြောင့် နှစ်စဉ် ထုတ်ပြန်နေကျဖြစ်တဲ့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေး အစီရင်ခံစာဆိုတာဟာ ၎င်းတို့ မလိုလားသော နိုင်ငံများ၊ ၎င်းတို့ရဲ့ ဩဇာမခံသော နိုင်ငံများအပေါ်မလိုတစ်မျိုး၊ လိုတစ်မျိုး ပစ်မှတ်ထား တိုက်ခိုက်ဖို့ ဖန်တီးထားမှု တစ်ရပ်သာ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်း ကာကွယ်ရေးလမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိ နိုင်ငံတော် အခြေအနေတို့နှင့် ကင်းကွာ၍ မရနိုင်ပါချေ။

ဆော်ဒီအာရေဗျနိုင်ငံတဖြည်းဖြည်းချင်းပြုပြင်ပြောင်းလဲသွားမည်

ဆော်ဒီဘုရင်အဗ္ဗဒူလာ အခိုင်အမာပြောဆို

ရီယာ့ဒ် ဧပြီ ၄

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် လက်ရှိမူဝါဒများကို မချိုးဖောက်မဖျက်ဆီးဘဲ ကမ္ဘာ့ကျန်အသိုက်အဝန်းနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံရပ်တည်နိုင်ရေးအတွက် တဖြည်းဖြည်းပြုပြင်ပြောင်းလဲသွားရန် ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလာက စနေနေ့တွင် အခိုင်အမာ ပြောကြားလိုက်သည်။

ဆော်ဒီဘုရင်အဗ္ဗဒူလာ

မိမိတို့ပတ်ဝန်းကျင် ကမ္ဘာက ပြောင်းလဲနေကြောင်း၊ မိမိတို့အနေဖြင့် တောင့်ခံမနေနိုင်ကြောင်းဖြင့် လွန်ခဲ့သည့် ဩဂုတ်လတွင် ဘုရင်ဖြစ်လာပြီးနောက် အကြဲပေးကောင်စီသို့ ပထမအကြိမ် နှစ်ပတ်လည်မိန့်ခွန်း ပြောကြားစဉ် ဆော်ဒီအရေဗျဘုရင်အဗ္ဗဒူလာက အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာတွင် ရေနံအများဆုံးထုတ်လုပ်သည့် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုနှင့် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ပြီး ပြည်သူ့အုပ်ချုပ်ရေးကို မြှင့်တင်ကာ နိုင်ငံတော်စီးပွားရေး စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များကို ဆက်လက်၍ လျှော့ချသွားမည်ဖြစ်ကြောင်း ဘုရင်အဗ္ဗဒူလာက ထုတ်ဖော်ကြေညာသည်။

ပြည်သူတို့၏ အပြည့်အဝထောက်ခံမှုမရရှိဘဲ ပြုပြင်ပြောင်းလဲမှုများကို သူတို့အနေဖြင့် တွန်းထိုးလုပ်ဆောင်မသွားနိုင်ကြောင်း ဆော်ဒီအရာရှိများက ပြောကြားထားသည်ဟုလည်း ရိုက်တာကဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံသမ္မတဟူကျင်တောင် သစ်ပင်စိုက်ပျိုးပေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်သမ္မတဟူကျင်တောင် သစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲ

ပေကျင်း ဧပြီ ၃

တရုတ်ပြည်၏ ၂၅ နှစ်သက်တမ်းရှိပြီဖြစ်သော စေတနာ့ဝန်ထမ်း သစ်ပင်စိုက်ပျိုးမှု အထိမ်းအမှတ်အဖြစ် တရုတ်သမ္မတ ဟူကျင်တောင်နှင့် အခြားသော ထိပ်တန်းခေါင်းဆောင်များသည် မြို့တော်မှ ပြည်သူနှစ်သန်းနှင့်အတူ ပေကျင်း အိုလံပစ်သစ်တောဥယျာဉ်အတွင်း၌ သစ်ပင်များ စနေနေ့က စိုက်ပျိုးကြသည်။

စနေနေ့က သစ်ပင်စိုက်ပျိုးမှု လှုပ်ရှားဆောင်ရွက်မှုတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ခြောက်ဦးပါဝင် စိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပျိုး

သမ္မတဟူကျင်တောင်သည် ပေကျင်းမြို့တော်မှ သိပ္ပံပညာရှင်များ၊ စံပြလုပ်သားကိုယ်စားလှယ်များ၊ စံပြကျောင်းဆရာကိုယ်စားလှယ်များ၊ မြို့တော်သစ်တောဇုန်ရုံးမှ အရာရှိများနှင့်အတူ သစ်ပင်များစိုက်ပျိုးခြင်းဖြစ်သည်။

တိုက်တွန်း

နိုင်ငံတစ်ဝန်းရှိ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တည်ဆောက်မှုလုပ်ငန်းသစ်များ သဟဇာတဖြစ်ရေး ကိုင်တွယ်လျက်၊ ပြည်သူတို့၏ နေထိုင်မှုဘဝနှင့် လုပ်ငန်းခွင်သာယာရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် သမ္မတဟူကျင်တောင်က တိုက်တွန်းလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အဝလွန်သူများ အလှပြိုင်ပွဲကျင်းပ

ပေကျင်း ဧပြီ ၄

တရုတ်နိုင်ငံ နန်ကျင်းမြို့ရှိ အဝလွန်သူများအတွက် တည်ထောင်ထားသော ကလပ်အသင်းမှ ကြီးမှူး၍ ကျင်းပသော အဝလွန်သူများ အလှပြိုင်ပွဲကို ဧပြီ ၂ ရက်က ကျင်းပပြုလုပ်ခဲ့သည်။**(အောက်ပုံ)**

ပုံမှာယှင်းပြိုင်ပွဲတွင် အသက် ၂၂နှစ် အရွယ်ရှိပြီး အရပ် ၅ပေ ၁ လက်မနှင့် ကိုယ်အလေးချိန် ၃၃၁ပေါင်ရှိသော ရှောင်ယန်းဆိုသူ ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ယခုအခါ အဝလွန်သူ အရေအတွက် တိုးပွားလာသောကြောင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ပေး၍ အဆီကို လျှော့ချပေးသော ကလပ်အသင်းများ တည်ထောင်လာခဲ့ကြသည်။

အဝလွန်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြုလုပ်ပေးခဲ့သလို စိတ်ဓာတ်ရေးရာ မြှင့်တင်မှုအနေဖြင့် ယခုအခါ အလှပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းတိုက်ခတ် လူ ၅၀ ဒဏ်ရာရ၊ အိမ်ခြေ ၅၀၀ ကျော်ပျက်စီး

ဒါကာ ဧပြီ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ကူရီအရမ်ဒေသမြောက်ပိုင်းရှိ ကျေးရွာအများအပြားအား ဧပြီ ၁ ရက်က မုန်တိုင်းဖြတ်သန်းတိုက်ခတ်သွားကြောင်း အနည်းဆုံးလူ ၅၀ ဒဏ်ရာရရှိခဲ့ပြီး အိမ်ခြေ ၅၀၀ ကျော်ပျက်စီးခဲ့ရကြောင်း တနင်္ဂနွေနေ့က ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားသည်။

ကူရီဂရမ်ဒေသအပါအဝင်နေရာအတော်များများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀နှုန်းဖြင့် သုံးနာရီကြာမျှ တိုက်ခတ်သွားသောကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။

ထို့အပြင် အိမ်ခြေ ၅၀၀ ပျက်စီးခဲ့ကာ သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကုန်ပြီး ဓာတ်အားလိုင်းများ ပျက်စီးခဲ့ရသည်။ စိုက်ပျိုးမြေဧက ရာပေါင်းများစွာပေါ်ရှိ စပါးသီးနှံများပျက်စီးခဲ့သည်။

လူများသည် အိမ်များပြိုကျခြင်းနှင့် သစ်ပင်လဲပြိုခြင်းကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်စစ်ရဟတ်ယာဉ်တစ်စင်း အီရတ်၌ ပစ်ချခံရဟုဆို

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ၌ အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ဧပြီ ၂ရက်က ပစ်ချခံရသည်ဟု ယုံကြည်ရကြောင်း၊ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါ အမေရိကန် အပါချီ ရဟတ်ယာဉ်သည် ဧပြီ၂ရက် ဘဂ္ဂဒက် စံတော်ချိန် ၁၇း၃၀တွင် ဘဂ္ဂဒက်တောင်ဘက်ရပ် ဆီဖီယာမြို့အနီး၌ ထိုးကျသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သတင်းထုတ်ပြန်

ယင်းရဟတ်ယာဉ်ကို ပြောက်ကျားတို့က ယင်းတို့ ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အင်တာနက်မှတစ်ဆင့် သတင်းထုတ်ပြန်ထားသည်။

သေဆုံး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် အီရတ်နိုင်ငံတွင် နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာ ရောက်လာချိန်တွင် အဆိုပါ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးမှာ နောက်ဆုံးသေဆုံးသူများ ဖြစ်လာနိုင်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်၌ အမေရိကန်စစ်ရဟတ်ယာဉ် အနည်းဆုံး ၄၇ စင်း ဆုံးရှုံးခဲ့ပြီဖြစ်ကြောင်း ယင်းအနက်မှ ၂၆စင်းမှာ ပစ်ချခံရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ကန်စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

အီရတ်ကို အမေရိကန်ဦးဆောင်၍ ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော် တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၃၀၀ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဘတ်စ်ကားတစ်စီး တံတားပေါ်မှထိုးကျ

အစ္စလမ္မာဘတ် ဧပြီ ၄

ပါကစ္စတန်နိုင်ငံ ဆိပ်ကမ်းမြို့ ကရာချိတွင် ဘတ်စ်ကားတစ်စီး ဧပြီ ၂ ရက်က တံတားပေါ်မှ လမ်းချော်၍ ထိုးကျသွားခြင်းကြောင့် အနည်းဆုံး ဆိပ်ကမ်းအလုပ်သမား ရှစ်ဦးသေဆုံးကာ အခြား ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားသည်။

ကရာချိဆိပ်ကမ်း၏ ငါးများအတင်အချပြုလုပ်သည့်ဆိပ်ကမ်းမှ ကရာချိမြို့သို့သွားသော ဘတ်စ်ကား တစ်စီးသည် အရှိန်ပြင်းလွန်း၍ ယာဉ်မောင်းသည် မထိန်းနိုင်တော့သဖြင့် ဆိပ်ကမ်းအနီးရှိ တံတားပေါ်မှ ထိုးကျသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အလုပ်သမားခြောက်ဦးသည် ပွဲချင်းပြီး သေဆုံးခဲ့ရပြီး နှစ်ဦးသည် ဆေးရုံ၌ သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသောသူများအား ဆေးရုံသို့ ပို့ဆောင်ပေးလိုက်သည်။

သေဆုံးသူအများစုသည် ငါးဆိပ်ကမ်းအလုပ်သမားများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရုရှားဆိုယုဇ်ဒုံးပျံ နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် အောင်မြင်စွာချိတ်ဆက်

မော်စကို ဧပြီ ၄

ဘရာဇီးအာကာသယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ပွန်တက်ဇ်လိုက်ပါသွားသည့် ရုရှား ဆိုယုဇ်ဒုံးပျံကို ဗိုင်ကိုနော့ အာကာသစခန်းမှ မတ် ၃၀ရက် ကြာသပတေးနေ့က အာကာသအတွင်းလွှတ်တင်ပြီး နှစ်ရက်အကြာ ဧပြီရက် စနေနေ့က နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိသည်။

ယင်းသို့ အောင်မြင်စွာ ချိတ်ဆက်မိသည်နှင့်တစ်ပြိုင်နက် မော်စကိုမြို့ပြင်ရှိ ကိုရိုလယော့မှ အာကာသခရီးစဉ် ထိန်းချုပ်ရေးအရာရှိများက ရုတ်တရက် လက်ခုပ်သြဘာပေး ဂုဏ်ပြုလိုက်ကြသည်။

ဆိုယုဇ်ဒုံးပျံသည် နိုင်ငံတကာ အာကာသစခန်းယာဉ်ကို စနေနေ့ နံနက် ဂရင်းနစ်စံတော်ချိန် ၀၄း၁၉ နာရီတွင် ချိတ်ဆက်လိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် ဒုတိယဗိုလ်မှူးကြီး ပွန်တက်ဇ်က ကိုးရက်ကြာနေထိုင်မည်ဖြစ်ပြီး ရုရှားအာကာသယာဉ်မှူးနှင့် အမေရိကန် အာကာသယာဉ်မှူးများဖြစ်ကြသည့် ပါဗယ်မီနိုဂရာဒေါ့ဗ်နှင့် ဂျက်ဖရီဝီလျံ တို့နှစ်ဦးက ခြောက်လကြာ နေထိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရားမဝင် သစ်ခုတ်မှုကြောင့်
အင်ဒိုနီးရှားသစ်ခွမျိုးစိတ်များ ပျောက်ကွယ်

ဂျကာတာ ဧပြီ ၄

တရားမဝင်သစ်ခုတ်မှုများကြောင့် အင်ဒိုနီးရှားသစ်တောများအတွင်း ပေါက်ရောက်တတ်သည့် သစ်ခွမျိုးစိတ် ၇၀ခန့်မှာ မျိုးတုံးပျောက်ကွယ်သွားပြီဟု ယုံကြည်ရကြောင်းဖြင့် ဆူရာဘာယာသစ်ခွစိုက်ပျိုးသူများအသင်း ဥက္ကဋ္ဌ ဆူဆိုနိုက ပြောကြားလိုက်သည်။

သစ်ခွမျိုးစိတ်ကို တွေ့ရစဉ်။

ဝမ်းနည်းဖွယ်

သစ်ခွမျိုးစိတ်အများအပြား ထိုမျှဆုံးရှုံးရမှုမှာ များစွာဝမ်းနည်းဖွယ်ကောင်းကြောင်း မစ္စတာဆူဆိုနိုက စနေနေ့တွင် ပြောကြားလိုက်သည်ဟု အင်တာရာ သတင်းဌာနက ကြေညာသည်။

အင်ဒိုနီးရှားနိုင်ငံမှ သစ်ခွပန်းများမှာ ကမ္ဘာပေါ်တွင် ဘရာဇီးလ်နိုင်ငံပြီးလျှင် ဒုတိယအမျိုးအစားအများဆုံးဖြစ်သည်။ ကမ္ဘာပေါ်တွင် သစ်ခွပန်းအမျိုးပေါင်း ၂၆၀၀၀ရှိသည့်အနက် အင်ဒိုနီးရှားတွင် အမျိုးပေါင်း ၅၀၀၀ခန့်ရှိကြောင်း အရှေ့ဂျာဗားပြည်နယ် ဆူရာဘာယာမြို့တော်၌ မစ္စတာ ဆူဆိုနိုက ပြောကြားသည်။ သစ်ခွပန်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အစိုးရအနေဖြင့် လက်ရှိစည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။ ရေနံနှင့်ဓာတ်ငွေ့ပြီးလျှင် သစ်ခွပန်းသည် အဓိက နိုင်ငံခြားငွေရှာပေးသည့် ပစ္စည်းဖြစ်သည်ဆို၏။ **အမ်အင်အေ၊ဆင်ဟွာ**

အီရန်၌ လျှင် ၄၃ကြိမ်ထပ်မံလှုပ်၊ အပြင်းဆုံးလျှင်ကြောင့် လူ ၇၀သေဆုံး

တီဟီရန် ဧပြီ ၃

အီရန်နိုင်ငံအနောက်ပိုင်း လိုရက်စတင်ပြည်နယ်တွင် မတ် ၃၀ရက် ညနေပိုင်းတွင် ပြင်းထန်သည့် ငလျင်လှုပ်ခဲ့ပြီးကတည်းက နောက်ထပ် ငလျင်၄၃ကြိမ် ထပ်မံလှုပ်ခဲ့ကြောင်း အိုင်အာအင်အေသတင်းဌာနက ဧပြီရက်တွင် ဖော်ပြသည်။

မတ် ၃၀ရက်က လှုပ်ခဲ့သော ငလျင်မှာ ရစ်ချ်တာစကေး ၄ဒသမ ၇ရှိပြီး တီဟီရန်၏ အနောက်တောင်ဘက် ကီလိုမီတာ ၃၀၀ခန့်အကွာ ဘိုရိုဂျာနှင့် ဒိုရုတ်မြို့နှစ်မြို့၌ ဒေသစံတော်ချိန် ၁၁နာရီ ၁၅မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။

အပြင်းထန်ဆုံး

မတ် ၃၁ရက်နံနက် ဒေသစံတော်ချိန် နံနက် ၄နာရီ ၄၇မိနစ်တွင် လှုပ်ခဲ့သော ငလျင် ၄၃ကြိမ် အနက် အပြင်းထန်ဆုံးလှုပ်ခဲ့သော ငလျင်ကြောင့် လူ ၇၀ထက်မနည်း သေဆုံးပြီး ယခုအချိန်အထိ လူ ၁၃၀၀ နီးပါး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ငလျင်ဒဏ်ကြောင့် မိသားစု ၁၅၀၀၀ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ကျေးရွာပေါင်း ၃၃၀လည်း ပျက်စီးသွားခဲ့သည်။

သတင်းထုတ်ပြန်

ကုလသမဂ္ဂ အကဲဖြတ်ရေးအဖွဲ့တစ်ဖွဲ့သည် ကုလသမဂ္ဂမှလိုအပ်သည့် အကူအညီ မည်မျှပေးရမည်ကို သိရှိရန် ငလျင်ဒဏ်ခံရသည့်ဒေသများသို့ ဧပြီ ၁ရက်က သွားရောက်ခဲ့ကြကြောင်း တီဟီရန်ရှိ ကုလသမဂ္ဂ ပြန်ကြားရေးဗဟိုဌာနက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ကမ္ဘာ့ငလျင်ပြတ်ရွေ့လိုင်းရှိရာ ဒေသအချို့အနက် တစ်နိုင်ငံဖြစ်ပြီး ငလျင်မကြာခဏ လှုပ်လေ့ရှိသော နိုင်ငံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဥရောပအလယ်ပိုင်း ရေလွှမ်းမိုးသည့်အန္တရာယ်ကြုံတွေ့

ပရာဟာ ဧပြီ ၃

ဥရောပအလယ်ပိုင်းဒေသတစ်ဝန်း ရေလွှမ်းမိုးမှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ ရေလွတ်ရာသို့ ပြောင်းရွှေ့ကြရပြီးသည့်တိုင်အောင် စနေနေ့က မြစ်ရေများ ဆက်လက်လျှံလာသည့်အတွက် ရေလွှမ်းမိုးမည့် အန္တရာယ်ရှိကာ ပြည်သူများ ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိသည်။

ချက်သမ္မတနိုင်ငံ အရှေ့ပိုင်း ဇာဂရက်မြို့အနီးတွင် အသက် ၅၅နှစ်ရှိ အိုးမဲ့အိမ်မဲ့တစ်ဦး၏ အလောင်းကို တွေ့ရှိပြီးနောက် ချက်သမ္မတနိုင်ငံနှင့် အိမ်နီးချင်း ဆလိုဗားကီးယားနိုင်ငံတွင် စနေနေ့က ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ ငါးဦးရှိသွားပြီဖြစ်သည်။

အရေးပေါ်ကြေညာ

စနေနေ့ညတွင် ချက်သမ္မတနိုင်ငံ၏ ဒေသကြီး ၁၄ခုအနက် ထက်ဝက်တွင် အရေးပေါ်အခြေအနေ ကြေညာထားရသည်။ သန်းခေါင်ကျော်သောအခါ အိုလိုမုမြို့နေ ပြည်သူ ၁၈၀၀ တို့အား နေအိမ်မှ စွန့်ခွာကြရန် ဆော်သြထားသည်ဟုဆိုသည်။ ထို့ပြင် အဲနစ်မြို့မှ ပြည်သူ ၂၀၀၀ ကျော်တို့ကိုလည်း အလားတူ ဆော်သြတိုက်တွန်းထားသည်ဟု သိရသည်။

အယ်ဘေးမြစ် ရေလျှံသည့်အတွက် ရေလွှမ်းမိုးမည့် အန္တရာယ်ကြောင့် ဂျာမနီနိုင်ငံ ဆက်ဆိုနီပြည်နယ် ဒရက်စဒင်မြို့တော်မှ ပြည်သူ ၃၀၀ ခန့်တို့ ရေလွတ်ရာသို့ ရှောင်တိမ်းကြရမည်။

ဟန်ဂေရီနိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုကြောင့် ဒေသအချို့မှ ကားလမ်း၊ ရထားလမ်းများ အသွားအလာရပ်ဆိုင်းကုန်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ရှေးဟောင်း ရွှေပန်းအိုး

နှစ်ပေါင်း ၂၄၀၀ခန့်က ဆယ့်နှစ်လရာသီခွင်မှ သိုးထီးပုံ မိဿရာသီရုပ်ပါ ရှေးဟောင်း ရွှေပန်းအိုး တစ်လုံးကို တွေ့ရစဉ်။(ဝဲပုံ)

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ အမျိုးသားသမိုင်းပြတိုက်တွင် ပြသထားသော လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ခန့်က ရွှေပန်းအိုးကို ၁၉၄၉ခုနှစ်၌ တူးဖော် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ခြေနှစ်ချောင်းနှင့်ခွေး

ခြေထောက် နှစ်ချောင်းသာ ပါသော အသက်ခြောက်နှစ်အရွယ်ရှိ ခွေးတစ်ကောင်ကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ ကျီကျန်းပြည်နယ် ဟန်ကျိုမြို့တွင် ခြေထောက်နှစ်ချောင်းသာ ပါရှိသည့် ခွေးတစ်ကောင်သည် သားပိုက်ကောင်ကဲ့သို့ သွားလာလှုပ်ရှားနေပြီး တစ်ခါတစ်ရံ လမ်းလျှောက်ရန်အတွက် ၎င်း၏ဝမ်းဗိုက်ကို အသုံးပြုခဲ့ရသည်။ **(အင်တာနက်)**

အာဖဂန်၌အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာ
အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာရရှိ

အဆာဒါဘက် ဧပြီ ၄

အာဖဂန်နစ္စတန်နိုင်ငံတွင် စနေနေ့က ကနေဒါတပ်ဖွဲ့ဝင်များကို အသေခံဗုံးခွဲသူတစ်ဦးက သီးခြားဖြစ်စဉ်တစ်ခုတွင် ဗုံးခွဲတိုက်ခိုက်သည့် တစ်ချိန်တည်းမှာပင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရသွားကြောင်း စစ်ဘက်အရာရှိများက ပြောဆိုသည်။

သတ်ဖြတ်လိုက်

ကန်ဒါဟာပြည်နယ်တွင်း တိုက်ခိုက်မှု၌ ကန်တပ်ဖွဲ့ဝင်များ သို့မဟုတ် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ ထိခိုက်မှု မရှိသော်လည်း အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များက မော်တော်ဆိုင်ကယ်စီးသူတစ်ဦးကို အခြားသော အကြမ်းဖက်သမားဟု အမှတ်မှားပြီး သတ်ဖြတ်လိုက်ကြောင်း အာဖဂန်နစ္စတန်တပ်မှူးက ပြောကြားသည်။

သုံးရက်အတွင်း တတိယအကြိမ် အသေခံတိုက်ခိုက်ခြင်းမှာ သူတို့လက်ချက်ဖြစ်ကြောင်း တာလီဘန်တို့က ကြေညာသည်။ စောစောပိုင်းက တိုက်ခိုက်မှုများတွင် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးနှင့် လမ်းသွားလမ်းလာ အနည်းဆုံး ခုနစ်ဦး ဒဏ်ရာရသွားသည်။

နိုင်ငံခြားတပ်ဖွဲ့ဝင်များအား တိုက်ထုတ်ရေးနှင့် အနောက်အုပ်စုထောက်ခံသည့် အစိုးရကို ချေမှုန်းရေးအတွက် တာလီဘန်တို့က နွေဦးထိုးစစ်စတင်ကတည်းက မကြာမီရက်များအတွင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာသည်။ **အမ်အင်အေ၊ ရိုက်တာ**

ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၄

ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဂီတနှင့် စာပေပညာရှင်ကြီးများဖြစ်ကြသော ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင် ဦးကိုကို၊ ဝဏ္ဏကျော်ထင်ဦးစိန်မြမောင်၊ ဦးမြင့်ကြည်၊ အေဝမ်းဦးစိုးမြင့်၊ ဦးမောင်မောင်လတ်၊ ဦးမင်းနောင်၊ ဦးလေးညွှန့်၊ ဦးမောင်မောင်ကြီး၊ ခနေဖြူစိုးသိန်း၊ ပျဉ်းမနားမြင့်လှိုင်၊ ဒေါ်ထား၊ ဦးတင်ဦးလေး၊ ကေတုဝင်းထွဋ်၊ ဦးထွန်းမြင့်၊ ရေနံ့သာဝင်းမောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြက ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးကိုကိုထွေးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တေးသီချင်းစာအုပ်ထုတ်ဝေရေးကော်မတီကိုယ်စား အဖွဲ့ခေါင်းဆောင်ဗိုလ်ကလေးတင့်အောင်ကလည်းကောင်း၊ ဆရာကြီးဦးဂုဏ်ဘဏ်၏ ရေဒီယိုဟောပြောချက်များ စာအုပ်ထုတ်ဝေရေးအဖွဲ့ ကိုယ်စား အဖွဲ့ဝင်ဆရာကြီး ဦးမြင့်ကြည်ကလည်းကောင်း၊ ခေတ်ဟောင်းကာလပေါ်တေးသီချင်း စာအုပ်ထုတ်ဝေရေး ကော်မတီကိုယ်စား အဖွဲ့ခေါင်းဆောင်ဦးမင်းနောင်ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်သူများက ဆွေးနွေးတင်ပြကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေ ၄နာရီ ၁၀မိနစ်တွင် ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

အင်းတကော် တောင်ကိုးလုံး ၁၀ ရက်တရားစခန်း

ရန်ကုန် ဧပြီ ၄

ပဲခူးတိုင်း အင်းတကော်ရွာအတွင်း တောင်ကိုးလုံး သဒ္ဓမ္မအလင်းရောင်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် အရှင်ဇာဂရ(ဓမ္မာစရိယ၊ မဟာအကျော်၊ ဥဘတော ဝိဘင်္ဂရေ၊ ပိဋကတ္တယပါရဂူ မဟာဝိဇ္ဇာ-အိန္ဒိယ ဘွဲ့ရ)ဦးစီး၍ ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ (တန်ခူးလဆန်း၁ ရက်မှ တန်ခူးလပြည့်ကျော် ၅ရက်၊ မြန်မာ နှစ်ဆန်း ၁ ရက်အထိ) ၁၀ ရက် တရားထိုင်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ယောဂီများသည် တန်ခူးလဆန်း ၁၀ ရက် ညနေအရောက် လာရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မဟာဝိဇယစေတီ ဂန္ဓကုဋိတိုက်အတွင်းရှိ နာဂစီဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားအား ဘာနုရာဇာနေမင်းကြီး ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတ ပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသော နာဂစီဝရာပဋ္ဌပဋိမာမြတ်စွာဘုရား ဆင်းတုတော်မြတ်အား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင်တစ်ရက် ဧပြီ ၁၇ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ၂၅ မိနစ်တွင်တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည် ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားအား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်သည့် ထူးမြတ်လှသော အချိန်အခါတွင် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြို့တော်တွင် တာဝန်ထမ်းဆောင်မည့် အခြေခံပညာ ဆရာ ဆရာမများ ကျောင်း/ရုံးလုပ်ငန်းမွမ်းမံသင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ အမှာစကားပြောကြားစဉ်။ (ပညာရေး)

အုတ်ဖိုမြို့နယ် စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၄

အုတ်ဖိုမြို့တွင် မတ်၁၂ရက်က အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်) အသင်းသူ အသင်းသားများမှ စုပေါင်းလှူဒါန်း သော စာအုပ်စာစောင် အုပ်ရေ ၅၀၀ ကျော်ကို ဦးရှင်ရစာကြည့်တိုက်နှင့် ဦးချစ်မောင် စာကြည့်တိုက်များသို့ လှူဒါန်းခဲ့ကြောင်းနှင့် အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နာယက ဦးသောင်းမိသားစုက မီးသတ်ယာဉ်တစ်စီးအား အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်) အုတ်ဖိုရုံးခွဲသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဝိပဿနာတရား ဟောကြားပြသမည်

ရန်ကုန် ဧပြီ ၄

ပဲခူးတိုင်း ကျောက်တံခါးမြို့ လှိုတရရွှေဘုန်းတိုး စေတီတော်ရင်ပြင်၌ ဧပြီ ၇ရက်မှ ၁၈ရက်အထိ ရွှေဘုန်းတိုးဆရာတော်ကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသောဘဏကြက (ဒိုက်ဦး)(ဓမ္မာစရိယ) မြို့နယ်သံဃနာယက တွဲဖက်အကျိုးတော်ဆောင်သည် ဝိပဿနာတရားတော်များကိုဟောကြားပြသတော်မူမည်ဖြစ်ပြီး လစဉ်လပြည့်နေ့တိုင်းတရားစခန်းပွဲများပြုလုပ်လျက်ရှိကြောင်းသိရသည်။ **(က-ပ)**

နေပြည်တော်မြို့တော်တွင် တာဝန်ထမ်းဆောင်မည့် ဆရာဆရာမများ ကျောင်း/ရုံးလုပ်ငန်းမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၄

နေပြည်တော် မြို့တော်တွင် တာဝန်ထမ်းဆောင်မည့် အခြေခံပညာဆရာ ဆရာမများ၊ ကျောင်း/ရုံးလုပ်ငန်း မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လမ်းမတော်မြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးအေးကြူတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သိကောင်းစရာ

ဆက်လက်၍ သင်တန်းမှူး လမ်းမတော်မြို့နယ် မြို့နယ်ပညာရေးမှူး ဦးခင်သန်းက သင်တန်းနှင့်စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ အမှတ်(၁) နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ အထက်တန်းပြသုံးဦး၊ အလယ်တန်းပြ ၃၆ ဦး၊ မူလတန်းကျောင်းအုပ်တစ်ဦးနှင့် မူလတန်းပြ၁၅ဦးစုစုပေါင်း သင်တန်းသားသင်တန်းသူ ဆရာ ဆရာမ ၅၅ ဦး တက်ရောက်ကြသည်။

သင်တန်းကာလမှာ ဧပြီ ၄ ရက်မှ ၁၁ ရက်အထိတစ်ကြိမ်၊ ဧပြီ ၁၉ ရက်မှ မေ ၄ ရက်အထိတစ်ကြိမ်ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် သင်ရိုးဘာသာရပ်များအပြင် စီမံခန့်ခွဲရေး၊ ကျောင်း/ရုံးလုပ်ငန်းများအရည်အသွေးမြင့်မားစွာ လက်တွေ့ဆောင်ရွက်နိုင်ရေးတို့ကို ဦးစားပေးဆွေးနွေးပို့ချသွားမည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

Foremost ၏ ကံထူးရှင်ရွေးချယ်ပွဲ

ရန်ကုန် ဧပြီ ၄

TZK Co., Ltd. နှင့် Myanmar SEA Marketing Co., Ltd. တို့က ဖြန့်ဖြူးသော Ship နို့ဆီ၊ Flacon နို့ဆီနှင့် My Boy နို့စိမ်းတို့ကို အစဉ်တစိုက် ဝယ်ယူ အားပေးကြသူများအား ကျေးဇူးတုံ့ပြန်သည့် ကံထူးရှင်ရွေးချယ်ပွဲကို ဧပြီ ၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ကံထူးရှင်များအား ဖိတ်ကြားထားသော ဧည့်သည်တော်များက ရွေးချယ်ပေးရာ ပထမဆု ကျပ်၁၅သိန်းကို တောင်ဥက္ကလာပမြို့နယ် ပါရမီရပ်ကွက်မှ အောင်မြန်မာကဖီး၊ ဒုတိယဆု ကျပ်၁၀သိန်းကို တောင်ဥက္ကလာပ(၁၀)ရပ်ကွက်မှ ဝိုင်းတော်သားကဖီးနှင့် တတိယဆု ကျပ်ငါးသိန်းကို မကွေးမြို့ ဈေးရပ်မှ စည်းစိမ်ကဖီးတို့က အသီးသီးဆွတ်ခူးရရှိသွားကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုတို့နှင့် အခြားဆုမဲများဆွတ်ခူးရရှိကြသည့် ကံထူးကြသူများအား အပတ်စဉ်ထုတ်ဂျာနယ်များတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

Foremost အမှတ်တံဆိပ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ TZK Co., Ltd. ဖုန်း-၆၈၁၁၅၀၊ ၆၈၁၁၈၆နှင့် Myanmar S.E.A Marketing Co., Ltd. ဖုန်း-၅၃၇၇၄၅၊ ၅၃၇၄၄၁ တို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်သေဆုံးမှုသတင်းပေးပို့မှုနှင့်စပ်လျဉ်း၍ မွေးမြူရေး/ကုသရေးဦးစီးဌာနက ရောဂါရှာဖွေစစ်ဆေးမှုပြုလုပ် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်နေ

ရန်ကုန် ဧပြီ ၄

မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း ဒေသအချို့တွင် ကြက်ငှက်သေဆုံးမှုနှင့် ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်ကာလ မတ်လပထမပတ်မှ ဧပြီ၂ရက်အတွင်း အနယ်နယ်အရပ်ရပ်မှ သေဆုံးခဲ့သည့် ကြက်၊ ခို၊ ကျီး၊ စာ စသောသေဆုံးမှုသတင်းများနှင့်အတူ အသေကောင်များကို ရန်ကုန်ဗဟိုတိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းနှင့် မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများမှ လက်ခံ၍ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်း စမ်းချောင်း မြို့နယ်၊ လှည်းကူးမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့မှ ကြက်၊ ခို၊ ကျီး၊ စာ သေဆုံးမှုဖြစ်စဉ် ၂၁ ခု ရှိကြောင်း၊ အသေကောင်နမူနာများကို ချက်ချင်းအဖြေသိ စစ်ဆေးနည်း(Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း(HA Test)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း(HI Test) တို့ဖြင့် စစ်ဆေးရာတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းအတွင်း မြင်းခြံမြို့နယ်၊ မြောင်မြို့နယ်၊ တောင်သာမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့ရှိ ကြက် ခြင်္ခြံ၌ ကြက်သေဆုံးမှုဖြစ်စဉ်များအရ ကြက်အသေကောင်နှင့် ခိုအသေကောင်တို့ကို မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပေးပို့လာရာတွင် အထက်ပါစစ်ဆေးနည်းများအတိုင်း စစ်ဆေးရာ မဟာအောင်မြေမြို့နယ်ရှိ ကြက်ကောင်ရေ ၆၃၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်ငှက် တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး စစ်ဆေးတွေ့ရှိရပြီး ကျန်ဖြစ်စဉ်ဖြစ်ပွားသည့် မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေး ရောဂါပိုးမတွေ့ရှိရဘဲ ကြက်ငှက် တုပ်ကွေးရောဂါပိုးတွေ့ရှိသည့် မဟာအောင်မြေမြို့နယ်ရှိ ကြက်ခြံမှ ကြက်များကို ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သုတ်သင်ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အလားတူ မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ်(၈)ရပ်ကွက် ကြက်ခြံတစ်ခြံ၌ ကြက်သေဆုံးမှုသတင်းနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသွားရောက်စစ်ဆေးခဲ့ရာ ဥစားကြက်ကောင်ရေ ၇၀၀ မွေးမြူထားရှိသည့် ကြက်ခြံတစ်ခြံ၌ ကြက် ၁၃ ကောင်မှာ အပူရှပ်၊ ချွဲကျပ်သေဆုံးခြင်းဖြစ်ကြောင်းနှင့် ကျန်ကြက်များ ကျန်းမာလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

ရွှေဘိုမြို့နယ်၌ ကြက်ကောင်ရေ ၁၈၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်နှစ်ကောင် သေဆုံးကြောင်း သတင်းပေးပို့ချက်အရ ရောဂါစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်လည်လိမ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့်ကြက်များ ကျန်းမာလျက်ရှိကြောင်း သိရှိရသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာရေးဆရာဦးစံတင်အောင်(ရွှေဘို)က စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)က ၎င်း ရေးသားပြန်ဆိုထားသော "သင်၏တန်ဖိုး အမြင့်မားဆုံး ဘယ်လောက်သတ်မှတ်ထားပါသလဲ"ဘာသာပြန်စာအုပ် အုပ်ရေ၃၅၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ဌာနချုပ်မှူး၊ ဒုတိယဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင် စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)နှင့် မိသားစုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် ၇၃၅၀၀၀ တန်ဖိုးရှိ ၎င်း ရေးသားပြန်ဆိုထားသော **"သင်၏တန်ဖိုး အမြင့်မားဆုံး ဘယ်လောက်သတ်မှတ်ထားပါသလဲ"** စာအုပ်အုပ်ရေ ၃၅၀ ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် **(အပေါ်ယာပုံ)**ထံ ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန်(၃)မှ UCM မော်တော်ယာဉ် ထုတ်လုပ်မှုမြင်ကွင်း။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဟောင်းနွမ်းပျက်စီးနေသော သံချောင်းနှင့်သံပြားများကို နည်းပညာအသုံးပြု၍ ကျိုချက်ပုံလောင်းထုတ်လုပ်နေမှုမှာ စက်မှုလုပ်ငန်းတိုးတက်မှု၏ ပြယုဂ်ဖြစ်

သံနန်းချောင်းများ ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

■ ကျောဖုံးမှ

ယင်းစက်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ယနေ့ နိုင်ငံတော်အစိုးရက နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအဖြစ် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား ပြည်နယ်နှင့်တိုင်းအလိုက် စက်မှုဇုန်များ အသီးသီးဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

စက်မှုဇုန်

နိုင်ငံတော်အစိုးရက တိုင်းရင်းသား လုပ်ငန်းရှင်များအား စက်မှုလက်မှုလုပ်ငန်းများ တစ်စုတစ်ဝေးတည်း စည်းစည်းလုံးလုံးဖြင့် ပညာများဖလှယ်လုပ်ကိုင်နိုင်ရန် စက်မှုဇုန် ၁၈ ခုကို ထူထောင်ပေးထားသည်။

ယင်းစက်မှုဇုန်များအနက်မှစက်မှုလုပ်ငန်းများ တိုးတက် ဆောင်ရွက်လုပ်ကိုင်နေသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်အမှတ်(၃)သို့ မြန်မာ့အလင်းသတင်းအဖွဲ့က စက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နေမှုကိုသွားရောက်လေ့လာ၍ တွေ့ဆုံမေးမြန်းခဲ့သည်။

ပေါ်ပေါက်လာ

တောင်ဒဂုံ စက်မှုဇုန်အမှတ်(၃)ကို နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတစ်ခုဖြစ်ပေါ်လာရေးအတွက် ၁၉၉၆ ခုနှစ်က စက်မှုဇုန်အဖြစ် သတ်မှတ်၍ ဇုန်အတွင်းရှိ လုပ်ငန်းရှင်များပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး စက်မှုဇုန်ဟူ၍ ပေါ်ပေါက်လာခဲ့ကြောင်း ဇုန်တာဝန်ခံ ဗိုလ်ကြီးဇော်မျိုးလွင်(ငြိမ်း)က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယင်းစက်မှုဇုန်က ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းရှင်သုံးဦးပေါ်ပေါက်ခဲ့ကြောင်း၊ ထူးခြားသည့်လုပ်ငန်းတစ်ရပ်အဖြစ် သံရည်ကျိုနန်းဆွဲလုပ်ငန်းများလည်း ပေါ်ပေါက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တောင်ဒဂုံ စက်မှုဇုန်(၃)တွင် လုပ်ကိုင် ဆောင်ရွက်နေသော လုပ်ငန်းအမျိုးအစား ၂၅ မျိုးရှိကြောင်း သိရသည်။

ယင်းစက်မှုလုပ်ငန်း အမျိုးအစားများမှာ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆန်စက်လုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ ပလတ်စတစ်ပိုက်လုပ်ငန်း၊ ကားအပိုပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ရေယာဉ်အပိုပစ္စည်းထုတ်လုပ်ရေး လုပ်ငန်း၊ လေမှုတ်စက်လုပ်ငန်း၊ ရေတိုင်ကီ လုပ်ငန်း၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ မီးခံထုတ်လုပ်ရေးလုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ သံဂဟေဆက် ထုတ်လုပ်ရေးလုပ်ငန်း၊ သံဒယ်အိုး ထုတ်လုပ်ရေးလုပ်ငန်း၊ သံသေတ္တာထုတ်လုပ်ရေးလုပ်ငန်း၊ တူရင်းငန်းပြားထုတ်လုပ်ရေးလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်း၊ ဓာတ်ငွေ့ဖြည့်လုပ်ငန်း၊ နီကယ်စိမ်လုပ်ငန်း၊ သံနန်းဆွဲလုပ်ငန်း၊ မူလီထုတ်လုပ်ရေးလုပ်ငန်း၊ ဘွိုင်လာပြုပြင်ခြင်းလုပ်ငန်း၊ သံပန်းသံတံခါးလုပ်ငန်း၊ ဒိုင်နမိုအင်ဂျင်စနစ်နှင့် မီးစက်တွဲလုပ်ငန်း၊ စတီးလ်ပစ္စည်းနှင့် အထွေထွေလုပ်ငန်းနှင့် သံထည်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ယင်း စက်မှုလုပ်ငန်းများအနက် အေအက်စ်စင်တာမှ လုပ်ကိုင်နေသော သံရည်ကျိုနှင့် သံနန်းဆွဲစက်ရုံသို့ သွားရောက်လေ့လာရာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှုကို အားရဖွယ်တွေ့ရသည်။ ယခင်က သံချေးတက်ဟောင်းနွမ်းပျက်စီးနေသော သံပြားနှင့်သံချောင်းများကို နည်းပညာအသုံးချ၍ ကျိုချက်ပုံလောင်းထုတ်လုပ်နေမှုမှာ စက်မှုလုပ်ငန်း တိုးတက်မှု၏ ရှေ့ပြေးပြယုဂ်ကို ပေါ်လွင်လျက်ရှိသည်။

လျှော့ချနိုင်

ယင်းကဲ့သို့ သံနန်းချောင်းများ ပြည်တွင်း စက်မှုလုပ်ငန်းရှင်များက အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်၍ ဆောက်လုပ်ရေး လုပ်ငန်းများတွင် အများအပြား အသုံးပြုနေရသည့် သံနန်းချောင်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းကို လျှော့ချနိုင်လိမ့်မည် ဖြစ်သည်။

သွားရောက်လေ့လာခဲ့

တစ်ဆက်တည်းတွင် ပြည်ပသွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်ဒဂုံ စက်မှုဇုန်(၃) ဆင်တဲလမ်းရှိ ဦးချစ်မောင်၏ ယူစီအမ် မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းခွင်သို့လည်း မြန်မာ့အလင်းက သွားရောက် လေ့လာခဲ့သည်။

ယင်းမော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းခွင်မှ မော်တော်ယာဉ်များ အဆင့်ဆင့် တပ်ဆင်ထုတ်လုပ်နေမှု မြင်ကွင်းမှာလည်း စက်မှုလုပ်ငန်းများ တိုးတက်လာသည့် အနေအထားကို တွေ့မြင်ရသည်။

ယင်းမော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှ တစ်တန်ကား Light Truck မှစပြီး ၁၂ တန် ၁၀ ဘီး ကားကြီးများအထိ ထုတ်လုပ်ပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှ ဦးချစ်မောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

စာရင်းဇယားများအရ

ထိုမှတစ်ဆင့် တောင်ဒဂုံ စက်မှုဇုန်(၁)သို့လည်း သွားရောက်လေ့လာခဲ့ကြရာ စက်မှုလုပ်ငန်းပေါင်း ၁၂ မျိုး လုပ်ကိုင်ဆောင်ရွက်နေကြောင်း စက်မှုဇုန်မှ စာရင်းဇယားများအရသိရသည်။

ဇုန်(၃)ထက် ဇုန်(၁)တွင် စက်ရုံကြီးများဖြင့် တစ်ပိုင်တစ်နိုင် တိုးတက်ထုတ်လုပ်နေမှုမှာ ပို၍များပြားသည်။ ထုတ်လုပ်သည့် လုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်း ကိုးခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း စက်ရုံ ၃၀၊ စားသောက်ကုန်စက်ရုံ ၂၁ ရုံ၊ သစ်အချောထည်နှင့် ကြိမ်လုပ်ငန်း ခုနစ်ခု၊ အမှုန့်ကြိတ်လုပ်ငန်းရှစ်ခု၊ ပလတ်စတစ်လုပ်ငန်း ၁၆ ခု၊ အိမ်ဆောက်ပစ္စည်းလုပ်ငန်း နှစ်ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်း ၁၅ ခု၊ သံထည်လုပ်ငန်း ၁၉ ခု၊ သိုလှောင်လုပ်ငန်း ၁၈ ခုနှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ သုံးခုရှိကြောင်း သိရသည်။

တောင်ဒဂုံတွင် စက်မှုဇုန်(၁)၊ ဇုန်(၂)နှင့် ဇုန်(၃)ဟူ၍ တည်ရှိရာ ဇုန်အလိုက် စက်မှုလက်မှုလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းနေသည်ကို အားရဖွယ်တွေ့ရသည်။ ယခင်က ရန်ကုန်မြို့ပေါ်တွင် ပြန့်ကျဲနေသော အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် သက်ဆိုင်ရာ စက်မှုလုပ်ငန်းများအလိုက် ဇုန်နယ်မြေများ သတ်မှတ်ထူထောင်ပေးလိုက်သဖြင့် စက်မှုလုပ်ငန်းများ ယှဉ်ပြိုင်ထုတ်လုပ်မှုနှင့် စုစည်းမှု ပို၍အားကောင်းလာသည်။

စက်ရုံ အလုပ်ရုံသစ်များတွင် အခွင့်အလမ်းများ ပေါ်ပေါက်လာသဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင်များ ရရှိလာကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြိုးစားအားထုတ်မှုနှင့် နိုင်ငံသူ နိုင်ငံသားများအပေါ် စေတနာထားမှုများကြောင့် စက်မှုလုပ်ငန်းများ တစ်စတစ်စ တိုးတက်လာသည်ကို တွေ့မြင်နေရပြီ ဖြစ်သည်။ ယင်းတိုးတက်မှုအခြေအနေများကို ဆက်လက်ထိန်းသိမ်းပြီး ရာနှုန်းပြည့်အောင်မြင်သော စက်မှုလုပ်ငန်းများအဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖော်ဆောင်ခြင်းဖြင့် စက်မှုနိုင်ငံအဖြစ် မကြာမတင်ကာလအတွင်း ပြောင်းလဲတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန်(၃)မှ ထုတ်လုပ်ထားသည့် သံနန်းဆွဲများကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက် (ဥပုသ်နေ့)
၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၈း၀၅	၇။	အဆိုပြိုင်ပွဲ
၈း၁၅	၈။	ခါသကြိန်အဆိုအကများ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၆း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၀၅	၆။	အတီးပြိုင်ပွဲ
၁၇း၁၀	၇။	သီချင်းကြီးပဒေသာ
၁၇း၂၀	၈။	မြန်မာစာ မြန်မာစကား
၁၇း၃၀	၉။	**"အနိုင်အရှုံး"** (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၃၅	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇း၄၅	၁၁။	ခါသကြိန်အဆိုအကများ
၁၈း၀၀	၁၂။	ညနေခင်းသတင်း
၁၈း၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၄။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅	၁၅။	ပျော်ပျော်ရွှင်ရွှင်ဆင်ယင်နွှဲ ၂၀၀၆ ခုနှစ် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ(အပိုင်း-၂)
၁၉း၂၀	၁၆။	ခါသကြိန်အဆိုအကများ
၁၉း၃၅	၁၇။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၈။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	၂၀၀၅-၂၀၀၆ ပညာသင်နှစ် ရန်ကုန်ပန်တျာကျောင်းသင်တန်းဆင်း ဖျော်ဖြေမှုအစီအစဉ်
	၂၃။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က စိုက်ပျိုးထားသော ကြက်ဆူပင်ပျိုးခြံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ထို့နောက် ကတ်တောင်ကျေးရွာအုပ်စုမှ တောင်သူဦးစိုင်းလုံကွီနှင့် ယန်းလောကျေးရွာအုပ်စုမှ တောင်သူဦးစိုင်းတွီတို့က စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တက်ညီလက်ညီကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်နယ်အတွင်း ဒေသဝမ်းစာ ဖူလုံရေးကို အထူးဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော စပါးစိုက်ဧကလေးသိန်းပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နွေစပါးစိုက်ခင်းများအတွင်း ဘိုင်အိုကွန်ပို့ဇာ မြေဩဇာများ ကြဲပက်နေမှုများကို ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နွေစပါးစိုက်တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုးချဲ့စိုက်ပျိုး

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ ကျိုင်းတုံခရိုင်၌ စုစုပေါင်း ၁၂၂၉၈ ဧက၊ မိုင်းဆတ်ခရိုင်၌ စုစုပေါင်း ၃၁၅၈ ဧက၊ မိုင်းဖြတ်ခရိုင်၌ စုစုပေါင်း ၈၄၃၁ ဧကနှင့် တာချီလိတ်ခရိုင်၌ ၂၂၃၈ ဧက စုစုပေါင်း ၂၆၁၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ယခင်နှစ်ကထက် ၆၁၄၂ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ယန်းလော-ကတ်တောင်-ကတ်ထိုက်၊ ကထော်-ဝမ်လုံကျေးရွာချင်းဆက် ကျောက်ချောလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် နွေစပါး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှု အခြေအနေကိုလည်းကောင်း၊ ကျိုင်းတုံနှင့် တာချီလိတ်အကြား မိုင်းခင်းနှင့် ပန်ကွဲဒေသ၌ စက်မှု ကုန်ကြမ်းသီးနှံ ရော်ဘာဧက ၃၀၀ စိုက်ပျိုးနိုင်ရေးအတွက် ကျိုင်းဖောင်း ကျေးရွာအနီး၌ ပြည်နယ်ရဲတပ်ဖွဲ့က စိုက်ပျိုးထားသော ကြက်ဆူပင်ပျိုးခြံ၌ ရော်ဘာပင် ၈၀၀၀၀ နှင့် ခြစ်ညီးရိုး ကြက်ဆူပျိုးပင် ၈၀၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ကျေးရွာချင်းဆက် ကျောက်ချောလမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ကျိုင်းတုံမြို့နယ် ဝါးခုတ်မြို့သစ်ရှိ ပြည်နယ်အားကစားကွင်းသို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးအောင်တို့က အားကစားကွင်းပြုပြင် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အားကစားကွင်း

ပြည်နယ် အားကစားကွင်းမှာ ကွင်းအကျယ် ၁၇ ဒသမ ၀၈ ဧက ရှိပြီး အရှေ့ဘက်တွင် ပေ ၈၄၀၊ အနောက်ဘက်တွင် ၉၉၂ပေ၊ တောင်ဘက်တွင် ၈၄၈ပေ၊ မြောက်ဘက်တွင် ၈၀၂ပေ အသီးသီးရှိ၍ နိုင်ငံတော်က ငွေကျပ် သိန်း၂၉၀ ကျော်နှင့်ပြည်သူများလှူဒါန်းငွေ ကျပ်သိန်း ၁၀၀တို့ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်းနှင့် အားကစားကွင်း အထူးတန်းပင်မဆောင်မှာ အလျားပေ ၁၀၀၊ အနံ၃၆ပေ၊ အမြင့်၃၇ပေ ရှိပြီး လူဦးရေ ၃၅၀၀ဆံ့ အားကစားကွင်းဖြစ်ကြောင်းသိရသည်။**(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဝယ်ယူနိုင်

ရန်ကုန် ဧပြီ ၄

၂၀၀၆ခုနှစ် ဇွန်/ဇူလိုင်လတွင်ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ အတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆောင်ရွက်ပြသနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲအတွက် ဆောင်ရွက်မည့်အခြေအနေနှင့် ယခုထက်ပိုမို၍ ရတနာကုန်သည်များ လာရောက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များနှင့် ကျောက်မျက်ရတနာကုန်သည်ကြီးများက ကျောက်မျက်ရတနာပြပွဲများ ယခုထက် ပိုမိုကျယ်ပြန့်စွာ ကျင်းပနိုင်ရန်နှင့် ပြည်တွင်း ရတနာကုန်သည်များနှင့် နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေရန် ပြပွဲကြီးကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရန် ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း သင်းလုံးကျွတ် အစည်းအဝေးကို ဧပြီ ၂ရက်က Hotel Nikko Royal Lake တွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဂုဏ်ပြုစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

မိုးကုတ်ရိပ်သာအဖွဲ့ခွဲ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာန နာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရ၏ သြဝါဒကိုခံယူ၍ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၃၂)ဓမ္မရိပ်သာကြီးတွင် ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ ၄၉ကြိမ်မြောက် တရားစခန်းပွဲကို အဖွဲ့ချုပ် ဓမ္မကထိကဆရာတော် ဦးကေသာရ(သာသနဓဇ ဓမ္မာစရိယ ဝိနယ ဝိဒူ)တိုက်ကျောင်းပါဠိတက္ကသိုလ်က မိုးကုတ်ဆရာတော်၏ ဥပနိဿယ အတိုင်း ဟောကြား ပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက် လိုသူများသည် သုံးရက်ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ဆေး၊ မီး၊ ရေ၊ ဓမ္မပူဇာတရားပွဲ ရန်ပုံငွေ၊ ထာဝရငွေ ပဒေသာပင် လှူဒါန်းလိုသော အလှူရှင်များသည် ဆရာတော် ဦးအဂ္ဂ ဖုန်း-၀၅၃ ၅၀၃၈၂နှင့် ဦးမြင့်သိန်း ဖုန်း-၀၅၃ ၅၀၅၂၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(၀၄၀)

ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်းသတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန် -

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်း လုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဃ) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်”

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စပါးနှင့်သီးနှံအခြောက်ခံစက် လက်တွေ့အသုံးပြုနိုင်ရေး အထောက်အကူပြု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံတွင် စပါးနှင့်သီးနှံ အခြောက်ခံစက်များ လက်တွေ့အကောင်အထည်ဖော် အသုံးပြုနိုင်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ စပါးနှင့်သီးနှံအခြောက်ခံစက် လက်တွေ့ အသုံးပြုနိုင်ရန် အထောက်အကူပြုသင်တန်းကို ဧပြီ ၇ရက်မှ ၉ရက်အထိ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဦးရွှေဘင်လမ်း အမှတ် ၁၄၂/၁၄၃ရှိ သောင်းဝင်းစက်မှုလက်မှုခန်းမတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ အခမဲ့သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ သီးနှံအခြောက်ခံစက်များ အကြောင်းလေ့လာခြင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် သီးနှံအခြောက်ခံစက်၊ သီးနှံအခြောက်ခံစက်သုံး ပန်ကာများ၊ လေအပူပေးရန် စပါးခွံသုံးမီးဖိုများ၊ နမူနာပုံစံပြ သီးနှံအခြောက်ခံစက်များ အကြောင်းတို့ကို လေ့လာဆွေးနွေး ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း ဖုန်း-၂၉၆၂၄၈၊ ၂၉၆၂၈၄၊ ၂၉၆၂၆၅ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(ပြန်/ဆက်)**

ဧပြီ ၄ ရက်က ဒိုက်ဦးမြို့ ကန်တော်မင်္ဂလာ ပရဟိတ ကျောင်းတိုက်တွင် သိက္ခာတော် ကံထပ်မင်္ဂလာနှင့် ရဟန်းခံရှင်ပြု ဆေးအလှူမင်္ဂလာကိုကျင်းပရာ ဦးမြတ်သင်းအောင်၊ သီရိ သုဓမ္မ သိင်္ဂီ ဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်ပထမဆင့်) တို့က ဆရာတော်များထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အဖျောက်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာ ရည်ချွန်ဆုပေးပွဲကို မတ် ၂၆ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အဖျောက်ကျောင်းတိုက်၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်က ငါးဘာသာ ဂုဏ်ထူးရှင် မောင်ဇေယျာစိုးအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသဗုဒ္ဓဂယာတွင် သာသနာပြုကုသိုလ်ယူနိုင်ကြ

ရန်ကုန် ဧပြီ ၄

ဗုဒ္ဓဂယာမြေမြတ်တွင် မဟာဗောဓိပင်ကြီးသို့ ၁၀မိနစ်မျှ လမ်းလျှောက်ရုံဖြင့် ရောက်နိုင်သည့် ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းသည် တစ်ကေခန့်မျှသာ ကျယ်ဝန်းသည်။ မြန်မာနိုင်ငံမှ မဇ္ဈိမဒေသ ဘုရားဖူးများပြားသောအချိန်တွင် တည်းခိုရန် အခက်အခဲများရှိသည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်းတွင် သီတင်းသုံးနေတော်မူသည့် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီးသည် ကျောင်းနှင့်ကပ်လျက် မြေနှစ်ဧကကို အလှူခံယူခွင့်ရရှိထားပါသည်။ ဆရာတော်ကြီးသည် မဇ္ဈိမဒေသတွင် သာသနာအရှည်တည်တံ့ပွားစေရန်နှင့် ဘုရားဖူးများ အဆင်ပြေစေရန်အတွက် စီစဉ်လျက်ရှိသည်။

ဘုရားပွင့်တော်မူရာမြေမြတ်တွင် သာသနာပြုကုသိုလ်ယူနိုင်ရန်အတွက် အလှူရှင်များအနေဖြင့် တစ်ပေပတ်လည် မြေတစ်ကွက်လျှင် ကျပ်၂၀၀၀နှုန်းဖြင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ (ဒဂုံစင်တာနှင့်ကျောချင်းကပ်လျက်) ဖုန်း-၅၃၇၅၉၇၊၇၂၆၁၃၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒေါပုံမြို့နယ်သတ္တမအကြိမ်ဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၄

ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက သတ္တမအကြိမ် ဓမ္မပူဇာသဘင်ကို မြို့နယ်ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၇ရက်တွင် တွံတေးအရှင်ဣန္ဒက (မဟာစည်နယ်လှည့် ဓမ္မကထိက)၊ ၈ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) သီတဂူကြာတစ်ပွင့်၊ ၉ရက်တွင် ဘဒ္ဒန္တဇာဂရာဘိဝံသ (ကလေးဝတောရဆရာတော်) အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ ဒွိပိဋကကောဝိဒ၊ ၁၀ရက်တွင်(ဓမ္မဒူတ) ဘဒ္ဒန္တ ဒေါက်တာအရှင်ပညိဿရ၊ ၁၁ရက်တွင် တွံတေးအရှင် ကောဝိဒ (နိုင်ငံတော် ဗဟိုသံဃာ့သမ္မုတိရ) တို့က နေ့စဉ် ည၆နာရီမှ စတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

သဒ္ဓမ္မဇောတိကာရုံတရားစခန်း

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဇောဓိကုန်းရပ်ကွက် ပြည်လမ်းရှိ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ (၁၈)ကြိမ်မြောက် သင်္ကြန်တွင်းတရားစခန်းပွဲကို တန်ခူးလပြည့်ကျော် ၁ရက်မှ၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းပွဲတွင် နိုင်ငံတော် ဩဝါဒါစရိယ သာသနဓဇသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဉာဏဝံသ(အဂ္ဂမဟာပဏ္ဍိတ)ကကြီးမှူး၍ ဟောကြားပြသမည်ဖြစ်ရာ ဖုန်း-၀၅၅-၂၀၀၃၈သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပေါ့ဆမှုကြောင့်ဒေသအချို့၌ မီးလောင်မှုဖြစ်ပွား နေအိမ်နှင့်ပစ္စည်းများဆုံးရှုံး၊ ကလေးငယ်နှစ်ဦးသေဆုံး

ရန်ကုန် ဧပြီ ၄

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိနေပြီဖြစ်၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့က ပညာပေးဆော်ဩခြင်း၊ နှိုးဆော်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသော်လည်း လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၏ ပေါ့ဆမှုကြောင့် ဒေသအချို့တွင် မီးလောင်မှုများဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

ရခိုင်ပြည်နယ် ပလက်ဝမြို့နယ် အောက်ပလိုင်းကျေးရွာရှိ အိမ်ရှင်ဦးအောင်ကျော်ဇံ၏နေအိမ်၌ မတ် ၂၂ရက် ညပိုင်းတွင် ဖယောင်းတိုင်မီးမှ မီးကူးစက်လောင်ကျွမ်းရာ လူနေအိမ်၂၈လုံး မီးလောင်ကျွမ်းဆုံးရှုံးသွားပြီး မတ်၃၀ရက် နံနက်၄နာရီခန့်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တောင်ကုတ်မှငါးမိုင်ခန့်ကွာဝေးသော သင်္ဘောဆိပ်၌ ဆိုက်ကပ်ရပ်နားထားသည့် ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်(၃) နှစ်ထပ်ခရီးသည်တင်ရေယာဉ်မီးလောင်မှုဖြစ်ပွားရာ သင်္ဘောနှင့်သင်္ဘောပေါ်ရှိ ကုန်ပစ္စည်းများ မီးလောင်ခံရသဖြင့် ငွေကျပ် ၅၄၆၂၀၀၀ခန့် ဆုံးရှုံးသွားသည်။

မီးလောင်ဆုံးရှုံး

တနင်္သာရီတိုင်း တနင်္သာရီမြို့ ချောင်းကြီးစက်မှုဇုန်ဝင်းအတွင်းရှိ ဦးလှမိုးပိုင် ကားဝပ်ရှော့၌ မတ် ၃၁ရက် ညသန်းခေါင်အချိန် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားရာ ကားဝပ်ရှော့တစ်လုံးနှင့် လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ဈေးတန်းနေ ဦးအိုက်ပု၏ လက်ဖက်ပွဲရုံ၌ မတ် ၃၁ရက် ည ၉နာရီခန့်တွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ ဧပြီ၂ရက် နံနက် ၁၁နာရီ ၄၅မိနစ်ခန့်တွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အိမ်အမှတ် ၅၁၈နေ ဒေါ်အင်ဒေါင်ကွန့်နေအိမ်၌ ဖယောင်းတိုင်မီးဖြင့် ဆော့ကစားရာမှ ထရံသို့ကူးစက်၍ မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးပြီး မီးလောင်မှုကြောင့် မောင်မုန်းထော်လု သေဆုံးသွားကြောင်း သိရှိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နယ်မြေ(၂) မန်စိန်ရပ်ကွက် အိမ်အမှတ် ၈၀ပိုင်ရှင် ဒေါ်ချားမာတူး၏ နေအိမ်တွင် ဧပြီ၃ရက် နံနက် ၃နာရီခန့်တွင် ဝက်စာအိုးကျိုရာမှ အနီးရှိထရံသို့ ကူးစက်မီးလောင်မှု ဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ခံရပြီး အသက်ငါးနှစ်ရှိ မောင်အားခီ မီးလောင်သေဆုံးသွားသည်။

မီးကြွင်းမီးကျန်မှစတင်

အလားတူ ဧပြီ၃ရက် နံနက်၉နာရီ မိနစ်၄၀ခန့်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၇) ရပ်ကွက် မြလေးရုံလမ်း အမှတ်(၄) ရှေ့တွင် ပိုင်ရှင် ဒေါ်အေးအေးမော်ပိုင် ဒေဝူးယာဉ် အမှတ် ဘ/၇၈၁၆ကို ပန့်လဲလှယ်ရာမှ စက်နှိုးစမ်းသပ်စဉ် စပတ်ရိုက်၍ မီးလောင်မှုဖြစ်ပွားရာ ကားအတွင်းပိုင်းပစ္စည်းများ မီးလောင်ခံရပြီး အလုပ်သမား ကရင်လေး၏ ဘယ်ဘက်တစ်ခြမ်း မီးလောင်ခံရကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) (၇၀)ရပ်ကွက် ဆုထူးပန် ၅လမ်း အိမ်အမှတ် ၃၀၅ရှိ ဦးစိုးမြင့်ပိုင် အိမ်အောက်ထပ်တွင် ဖွင့်လှစ်ထားသော ပန်းချယ်ရီလက်ဖက်ရည်ဆိုင်၌ ယနေ့နံနက်ပိုင်းတွင် မီးဖိုမီးကြွင်းမီးကျန်မှစတင်၍ မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံးမီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

နှိုးဆော်ထား

လူတစ်ဦးချင်း၊ မိသားစုတစ်ဦးချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှု၊ ဝမ်းနည်းကြေကွဲဖွယ်ရာ သေကျေဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် လူတိုင်း၊ မိသားစုတိုင်းက **"ကြိုတင်ကာကွယ်တားဆီး အန္တရာယ်မီး"**၊ **"စုပေါင်းကာကွယ်မီးအန္တရာယ်"**၊ **"မီးဘေးရှောင် မလောင်ခင်တား"**၊ **"သင့်ကြောင့် မီးမလောင်ပါစေနှင့်"** ဟူသော ဆောင်ပုဒ်များနှင့်အညီ မီးပေါ့ဆမှု မရှိစေရန် အမြဲသတိပြု၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုယ်ပွားသတင်းစာတိုက်(ဟူးမွန်) မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြဆောင်ရွက်

ရန်ကုန် ဧပြီ ၄

ပြန်ကြားရေးဝန်ကြီးဌာန မိသားစု၏ မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (ဟူးမွန်)၌ မတ်၃၀ရက်နံနက်၉နာရီက ကျင်းပရာ ဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်း၊ ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန ဇုန်စက်ရုံမှူး ဦးစိန်သောင်း၊ ရုပ်ရှင်လုပ်ငန်းဦးစီးအရာရှိ ဦးမျိုးဇော်၊ ကိုယ်ပွား သတင်းစာတိုက် စာတည်း ဦးဇော်လွင်နှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

သရုပ်ပြ

ရှေးဦးစွာ မီးသတ်ဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးလှမြင့်က မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ကြပ်ကြီး(မီး)ဦးဝင်းသောင်းက မီးသတ်ဘူး အမျိုးမျိုး အသုံးချပုံနှင့် စက်ရုံရှိ မီးသတ်ဘူးဖြင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြသည်။ **(အပေါ်ပုံ)** **(က-ပ)**

❒ ကျောဖုံးမှ

ဝန်ကြီးသည် ညောင်ဦးမြို့ရှိ ယွန်းအတတ်ပညာသင် ကောလိပ်ခန်းမ၌ ဆရာ/ဆရာမများ၊ ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ကောလိပ် ကျောင်းအုပ်ကြီးက ကျောင်း၏အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ မြို့နယ် သမဝါယမဦးစီးမှူးကလည်း ဌာန၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဆရာ/ဆရာမများသည် ယွန်းပညာရပ်ကို ပိုမိုတိုးချဲ့လေ့လာရေးနှင့် ကျောင်းသားများကိုလည်း ပြင်ပယွန်းလုပ်ငန်းတွင် မြန်မာ့ရိုးရာစစ်စစ်ကို ခေတ်မီနည်းစနစ်များမှ ပေါင်းစပ်လုပ်ကိုင်နိုင်ရေး သင်ကြားပေးရန်၊ ကျောင်းပိတ်ရက်များတွင် ပုဂံညောင်ဦးရှိ ယွန်းလုပ်ငန်းများတွင် On Job Training တစ်လ ဆောင်ရွက်ပေးရန်၊ ကျောင်းသားများ စည်းကမ်း၊ စိတ်ဓာတ်ကောင်းစေရန် သင်ကြားရေးကိစ္စများမှာကြားသည်။ သမဝါယမဦးစီးဌာန ဝန်ထမ်းများကိုလည်း သမဝါယမအသင်းများ၏ လုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက် ဆောင်ရွက်ရေးနှင့် ခြစ်စည်းရိုးကြက်ဆူပင်များ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေးကိုလည်း အသေးစိတ် မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယွန်းမြေတိုက်ခန်း ဆောင်ရွက်ထားရှိမှုနှင့် ကောလိပ်၏ ယွန်းပစ္စည်းအရောင်းခန်းမတို့ကို စစ်ဆေး၍ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ရေနံချောင်းစက်မှုဇုန်သို့ ရောက်ရှိပြီး ရွှေနဂါးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံခန်းမ၌ ရေနံချောင်း စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းက စက်မှုဇုန်ဆောင်ရွက်နေမှုကို အသေးစိတ် ရှင်းလင်းတင်ပြပြီး စက်မှုလုပ်ငန်းရှင်များကလည်း ၎င်းတို့လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို တင်ပြရာ ဝန်ကြီးက တင်ပြချက်များနှင့် ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ရွှေနဂါးမော်တော်ဆိုင်ကယ်

ဆက်လက်၍ ဝန်ကြီးသည် ရွှေနဂါးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ၏ စက်အစိတ် အပိုင်းများ ထုတ်လုပ်ထားရှိမှု၊ စက်ပစ္စည်းများ အပြီးသတ် တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မိတ်ဆွေသုံးဖော်သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းစက်ရုံသို့ ရောက်ရှိပြီး သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်ပြီးစီးနေမှု၊ ဆိုင်ကယ်စက်အစိတ်အပိုင်းများ ထုတ်လုပ် တပ်ဆင်နေမှု၊ စက်ရုံအတွင်း တန်၃၀၀ဖိစက်များ၊ ဆေးပေါင်းစက်များ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထုတ်လုပ်ရောင်းချ

ဆက်လက်၍ ဝန်ကြီးသည် ငွေစကြာမော်တော်ယာဉ်စက်ရုံ၌ စက်ရုံ၏ ဒါရိုက်တာအဖွဲ့က စက်ရုံ တည်ဆောက်နေမှုကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် စက်ရုံအတွင်း Line Cutting Machine တပ်ဆင်မှု၊ Shape Cutting Machine တပ်ဆင်မှု၊ တန် ၃၀၀ Hydraulic Press တပ်ဆင်မှု၊ ၄၅တန် Press တပ်ဆင်မှု၊ Spot Welder တပ်ဆင်မှု၊ Portable Spot Welder တပ်ဆင်မှု၊ သုံးတန် Overhead Line တပ်ဆင်မှုများကိုလည်းကောင်း၊ မော်တော်ကားဆေးပေါင်းရုံတည်ဆောက်တပ်ဆင်မှုကိုလည်းကောင်း စစ်ဆေးသည်။ ရေနံချောင်း စက်မှုဇုန် ရွှေနဂါးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှထုတ်လုပ်ပြီး မော်တော်ဆိုင်ကယ် ၄၁၁၃စီးနှင့် ပြိုင်မြင်းသုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်ပြီး သုံးဘီးမော်တော်ဆိုင်ကယ် ၈၅၇ စီးထုတ်လုပ်ရောင်းချပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေနံချောင်းစက်မှုဇုန် ကြက်ဆူပင်ပျိုးခင်း၌ လူမှုရေး အဖွဲ့အစည်းများနှင့်အတူ ကြက်ဆူစေ့နှင့် ပျိုးကိုင်းပျိုးထောင် စိုက်ပျိုးမှု အခမ်းအနားသို့ တက်ရောက် အားပေးစိုက်ပျိုးပြီးနောက် စက်မှုဇုန်ရှိ စက်မှုလုပ်သားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်သည်။ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် စက်မှုလုပ်ငန်းရှင် ဦးမောင်ထူးက စက်မှုလုပ်သားတို့၏ အဆိုပြုလွှာ ၅၀၇စောင်ကိုပေးအပ်ရာ ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက လက်ခံသည်။ ဆက်လက်၍ ရွှေနဂါးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းက အလှူငွေကျပ် ၁၀ သိန်း၊ ငွေစကြာ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ကျော်စိုးက အလှူငွေ ကျပ်ငါးသိန်း၊ ပြိုင်မြင်းသုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးနိုင်က အလှူ ငွေကျပ်ငါးသိန်း၊ ရွှေဝါမြေ စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ ဒါရိုက်တာ ဦးသူရိန်က အလှူငွေကျပ် ၁၀သိန်း တို့ကိုလှူဒါန်းရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက လက်ခံသည်။ ဆက်လက်၍ တွဲဖက်အထွေထွေ အတွင်းရေးမှူးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ရေနံချောင်းစက်မှုဇုန်လုပ်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်း တစ်လျှောက် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားရှိ ကုန်ပစ္စည်းများတင်/ချ ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ ရွာတစ်ခွင် သာစေချင် မီးကိုမပေါ့နှင့်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ၁၅နိုင်ငံနှင့်ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃နိုင်ငံ စုစုပေါင်း၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၁၀၅ဦးအသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ် ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများ ရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ ခြံမှ ရောဂါနမူနာပေါင်း၄၆၀ ခုကိုစစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ် ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ ၁ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ် ဧပြီ၂ရက် အထိ ကြက်ခြံ ၃၀၇ခြံ၊ ငုံးခြံ ၁၀၂ခြံမှ ကြက်ကောင်ရေ ၂ဒသမ၄သိန်း၊ ငုံးကောင်ရေ ၂ဒသမ၃သိန်း၊ ကြက်ဥ ဝဒသမ ၉သိန်း၊ ငုံးဥ ဝ ဒသမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံးမွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်း ရှာဖွေစစ်ဆေးခြင်းများစသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှု ဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက်သေဆုံးမှု များလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်းတွင် ကွယ်လွန်သူ နှစ်ဖက်သော မိဘနှင့် ခင်ပွန်း ဦးမောင်မောင်သိန်း၊ အစ်မ ဒေါ်ခင်လေးတို့ အားရည်စူး၍ အမှတ်၈၄၊ ၁၂၄လမ်း သပြေကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဇနီး ဒေါ်ညွန့်အေးနှင့် သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၂၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်း အကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချစားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူ ထားရှိမွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင် ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေးဒိုင်များသို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
(ခ) ကြက်၊ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်။

၇။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ခရိုင်ချင်းဆက်ကားလမ်းဖွင့်ပွဲအခမ်းအနား တက်ရောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်

ရန်ကုန် ဧပြီ ၄

ချင်းပြည်နယ် မင်းတပ်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စုပေါင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို မတ် ၂၉ ရက် နံနက်ပိုင်းက မင်းတပ်မြို့ မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းအောင်တို့ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးသည်။

စီမံဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် မင်းတပ်မြို့နယ် ရွှေအောင်သာ-အောင်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအရှည် ၃၆ မိုင် ၇ ဖာလုံရှိ ခရိုင်ချင်းဆက် ဒေသဖွံ့ဖြိုးရေး ကားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မင်းတပ်မြို့နယ် ဟီလောင်းစံပြကျေးရွာသို့ သွားရောက်ပြီး မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဆောင်ရွက်ထားရှိသော လက်ဖက်စိုက်ခင်း အခြေအနေကို ကြည့်ရှုပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်သည်။

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ မင်းတပ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းနှင့် ငွေများ ပေးအပ်လှူဒါန်းပွဲနှင့် ခါနွေဦးလုပ်ရှားမှု သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။ ထိုမှတစ်ဆင့် မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လက်ဖက်ဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် မင်းတပ်မြို့မှ ကန်ပက်လက်မြို့သို့ ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားသော ဧက ၅၀ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၃၁ရက်တွင် ကန်ပက်လက်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ကျင်းပသော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့အား အမှူးထား၍ ရန်ကုန်မြို့ ရွှေပေါင်းသမိုင်းဝင် အိမ်တော်ရာစေတီ ဂေါပက အဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာမိုးတင်၊ဇနီး ဒေါက်တာ အိအိတင် မိသားစုတို့က ဗုဒ္ဓဘာသာ အဆုံးအမခံယူပြီးသော တိုင်းရင်းသား မိသားစုများမှ ကလေးငယ် ၁၂၀တို့အားရဟန်းခံရှင်ပြု အလှူတော် မင်္ဂလာ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် သီရိသုဓမ္မ မဏိဇောတရေ ဒေါက်တာမိုးတင်က ဆောက်လုပ်ဆဲ ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း ကျောင်းဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ မဟာဝိဇ ယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သက်တော်ရှည် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တမာလာလင်္ကာရအား ဖူးမြော်ကြည်ညိုသည်။

(သတင်းစဉ်)

ဝန်ကြီးဦးအောင်သောင်း စွပ်ကျယ်စက်ရုံ(တောင်သာ)စစ်ဆေး အဆင်ဒီဇိုင်းလှပရေး စီမံဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများသည် ဧပြီ၂ရက် နံနက်၇နာရီက မန္တလေးတိုင်းတောင်သာမြို့နယ် ဝဲလောင်နှင့်ကျောက်ကာ ကျေးရွာအကြား ဆင်တဲဝသဲချောင်းအတွင်းသို့ရောက်ရှိပြီး ဒေသခံတောင်သူများ တစ်အုပ်တစ်မ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ကြက်သွန်ခင်းများကို ကြည့်ရှုသည်။

ဝန်ကြီးသည် နံနက်၇နာရီခွဲတွင် တောင်သာမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (တောင်သာ)၌ စက်ထိုးထည်အလုပ်ရုံရှိ စက်ရုံ၌ အသုံးပြုနေသော ချည်ခင်များကို လည်းကောင်း၊ ချည်ရစ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ တစ်ထပ်သားထိုးစက်ဝိုင်းစက်ဖြင့် စွပ်ကျယ်ရက်လုပ်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အချောကိုင်အလုပ်ရုံသို့ ရောက်ရှိပြီး ပိတ်ရှေ့ညှစ်ခြင်းလုပ်ငန်း၊ ပိတ်ဖြန့်ခြင်းနှင့်ပိတ်အခြောက်လှန်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အပူပေး မီးပူတိုက်ခြင်း လုပ်ငန်းများ၊ ပန်းရိုက်ခြင်း လုပ်ငန်းနှင့် အခြောက်လှန်းခြင်း လုပ်ငန်းများ၊ ပိတ်ဖြတ်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ အပ်ချုပ်လုပ်ငန်းများကို လည်းကောင်း၊ ချုပ်ပြီးအဝတ် အထည်များ၏ အရည်အသွေး စစ်ဆေးခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံထုတ် တီရှပ်များ၊ စပို့ရှပ်များ၊ စွပ်ကျယ်များ၊ ကျား၊ မ ဝတ်-အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးပြီး အဆင်ဒီဇိုင်းလှပ ရေးအတွက် စီမံဆောင်ရွက်ရေး၊ ချုပ်ရိုး ချုပ်သားများ သေသပ်ကောင်းမွန်ရေး မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် တောင်သာမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင်နှင့် မြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့ နယ်၊ ကျောက်ပန်းတောင်း မြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြင်းခြံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးမြင့်ဆွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် ပြည်သူ့အကျိုးပြု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်သာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးသောင်းစိန်နှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နံနက်၁၀နာရီခွဲတွင် မလှိုင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ အသင်း အတွင်းရေးမှူး ဦးရွှေနန်းက အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ တင်ပြရာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် နံနက်၁၁ နာရီခွဲတွင် မိတ္ထီလာကန်တော် မင်္ဂလာခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကုန်သည်ပွဲစားများနှင့် တွေ့ဆုံရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်း ရမည်းသင်းမြို့အနီး ရွှေဓားကျေးရွာရှိ ဆပ်ပြာစက်ရုံ အစည်းအဝေးခန်းမ၌ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှ ကုန်သည်ပွဲစားများနှင့် တွေ့ဆုံကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၅-၄-၂၀၀၆

(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၂၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	Myanmar Video Rhythm (25)
၈:၂၅	မိုးလေဝသခန့်မှန်းချက်
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ရွှေလောင်းတံတား
၈:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကြွပ်ယိုမုန့်လုပ်နည်း)
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	အဆီကျဖို့ အဆီချစို့
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅	ရတနာမြိုင်ရဲ့ရတနာမြိုင်သင်္ကြန်
၁၀:၃၀	ငယ်စဉ်အခါ ပညာရှာ
၁၀:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀	အကပြိုင်ပွဲ
၁၀:၅၅	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	မြန်မာ့ရော၀တီလင်းပိုင် သိကောင်းစရာများ (ရော၀တီလင်းပိုင်)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁:၀၀	Barcelona-Benfica	5-Sports(Live)
	Juventus-Arsenal	5-Cartoons(Live)



အမရပူရမြို့နယ် ဝေရတ်စာကြည့်တိုက်တွင်အသုံးပြုရန် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်နှင့်စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၄

အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ဝေရတ်စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်၊ ဗီရိုနှင့် စာအုပ် စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

လက်ခံရယူ

ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားပြစက်တစ်လုံးကို ညွှန်ကြားရေးမှူး ဦးမောင်ဖေက လက်ခံရယူပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသော ရေဒီယိုကက်ဆက်တစ်လုံးကို တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက လက်ခံရယူ၍ ရှမ်းကလေးကျွန်းကျေးရွာနေ ဦးကိုကြီး-ဒေါ်လွင်မိသားစုနှင့် ဦးကျော်ဆန်းဝင်းမိသားစုကလှူဒါန်းသော စာအုပ်များကို ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်က လက်ခံရယူကာ အမရပူရ မြို့နယ် မြစ်ငယ်မြို့နေ ဦးမြင့်ဝေ မိသားစုကလှူဒါန်းသော စာအုပ်ဗီရို တစ်လုံးကို စာကြည့်တိုက်မှူး ဦးသောင်းနိုင်စိုးက လက်ခံရယူကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်ပြီး ညွှန်ကြားရေးမှူး ဦးမောင်ဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်မှတ်ပုံတင်ရန် အချက်များကို ရှင်းလင်းပြောကြားကာ **(အပေါ်ပုံ)** တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျေးရွာမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် ပြောကြား၍ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဝင်းတင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင် ကျေးလက်ရေဒီယိုကြေးနန်းရုံးဖွင့်ပွဲ တက်ရောက်

နေပြည်တော်မြို့တော် ဇွန် ၄

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်သည် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁ရက် နံနက် ၁၀ နာရီတွင် ကန်ပက်လက်မြို့နယ် ကျင်ဒွေးကျေးရွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး၌ ကျင်းပသည့် ရေဒီယိုကြေးနန်းရုံးဖွင့်ပွဲသို့ တက်ရောက်၍ ဗိုလ်မှူးကြီးဆန်းအောင်က ရုံးသစ်ကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်မှူးကြီးဆန်းအောင် သည် ကျင်ဒွေးကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည့် ကွန်ပျူတာနှင့် မီးစက်လှူဒါန်းပွဲသို့ တက်ရောက်၍ အဆိုပါကျောင်းခွဲအတွက် ကွန်ပျူတာနှစ်လုံးကို ကျောင်းအုပ်ဆရာမကြီးထံသို့လည်းကောင်း၊ ကျေးရွာတိုက်နယ်ဆေးရုံအတွက် ၁ ကေဗွီအေ မီးစက်တစ်လုံးကို တိုက်နယ်ဆရာဝန်ထံသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘောလုံးဒိုင်လူကြီးများ မှတ်ပုံတင်ကြရမည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအားလုံးသည် ၂၀၀၆-၂၀၀၇ခုနှစ်ဘောလုံးရာသီအတွက် ဇွန် ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီး ဆပ်ကော်မတီထံသို့ လာရောက်၍ မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာဘိလိယက်လက်ရွေးစင်များ (ဝဲမှယာ) ကျော်ဦး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်၊ နည်းပြဒေါက်တာမင်းနိုင်နှင့် လက်ရွေးစင် အောင်ဆန်းဦး(မြို့တော်စည်ပင်)တို့ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

အဆင့်မြင့်တန်း ကွင်းပိတ်ကွာတားဖိုင်နယ်ပွဲစဉ်ယှဉ်ပြိုင် စွမ်းအင်က စီးပွား/ ကူးသန်းကိုနိုင်ပြီး အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက စီးပွား/ကူးသန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လက်တစ်ကမ်းအကွာ

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကိုအနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်လာသော စွမ်းအင်အသင်းသည် စီးပွား/ကူးသန်း အသင်းကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားရာ ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ စွမ်းအင်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့၏ပွဲစဉ်ကို ဗိုလ်လုပွဲစဉ်အလား ပရိသတ်များပြားစွာလာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ရှုံးချက်နှာ

စွမ်းအင်အသင်းရရှိသော တစ်လုံးတည်းသော အနိုင်ဂိုးမှာ စီးပွား/ကူးသန်းအသင်း နောက်တန်းလူ ဇော်လင်းထွန်း ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားခြင်းဖြစ်၍ စီးပွား/ကူးသန်းအသင်း ရှုံးချက်နာသည်ဟု ဆိုရပေမည်။ ပထမပိုင်း မိနစ်၃၀တွင် စီးပွား/ကူးသန်းအသင်းပယ်နယ်တီဧရိယာအပြင်ဘက်၌ စွမ်းအင်အသင်းက အလွတ်တည်ဘော ရရှိသည်ကို မင်းမင်းထွန်းကကန်ပို့ပေးရာ စီးပွား/ကူးသန်းအသင်း နောက်တန်းလူ ဇော်လင်းထွန်း ဘောလုံးဖျက်ထုတ်စဉ် ဂိုးဝင်သွားခြင်းဖြစ်သည်။

စွမ်းအင်အသင်းသည် ဒုတိယပိုင်း၌ အနိုင်တစ်ဂိုးကိုထိန်းကာ အခွင့်အရေးရမှသာ တိုက်စစ်ဆင်ကစားသွားသည်။ စီးပွား/ကူးသန်းအသင်းသည် ဒုတိယပိုင်း၌ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားသော်လည်း ရှေ့တန်းမှ မာလနှင့် ကျော်ဇင်ဝင်းတို့ အချိတ်အဆက်မမိ၊ ခြေစွမ်းမပြနိုင်၍ ဂိုးမရခဲ့ချေ။ အမှတ်ပေး ပြိုင်ပွဲ၌ စီးပွား/ကူးသန်းအသင်းက စွမ်းအင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ယနေ့ပွဲစဉ်၌ ခြေစွမ်းမပြနိုင်၍ တစ်ဂိုးဖြင့် ကပ်ရှုံးသွားရသည်။

အကြိုဗိုလ်လုပွဲ

စွမ်းအင်အသင်းသည် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ရာ ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိသည်။ စွမ်းအင်အသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ရာ ပို့ဆောင်ရေးအသင်းနှင့် ဇွန် ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဇွန်၅ရက် **(ယနေ့)**ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တတိယကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မြို့တော်စည်ပင်အသင်းနှင့်ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (ဝင်္ကပါ)၏ (၂၂)ကြိမ်မြောက် ဉာဏစွမ်းရည် ပြိုင်ပွဲကို မတ်၂၆ရက်က ကျင်းပခဲ့ရာ စည်းနှင့်ဝါးအကဖြင့် မောင်ဖေယျာလင်းက ဤသို့ သီဆိုယှဉ်ပြိုင်ခဲ့သည်။ (က-ပ)

စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့(CNG)အရောင်းဆိုင်များ မဟာသင်္ကြန်ရက်များတွင် ဖွင့်လှစ်ရောင်းချမည်

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်း အမှတ် ၁၅၁ နေ ဒေါ်ရင်ရင်မြ မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက်သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေး ကူညီမှုအသင်း(ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူနှင့် ဦးညီရဲကျော်လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အောင်မြင်မှုများရယူပေးနိုင်ခဲ့သော မြန်မာဘိလိယက် ဖိတ်ခေါ်ပြိုင်ပွဲများအောင်နိုင်ရေး ဆက်လက်ကြိုးပမ်းလျက်ရှိ

ဓာတ်ပုံနှင့် သတင်းဆောင်းပါး - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသည် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပြီးတွင် မြန်မာအားကစားအဖွဲ့များ အာရှနှင့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့သည်။

ကြိုတင်ပြင်ဆင်မှု

ယင်းကဲ့သို့ အားကစားအဖွဲ့ချုပ်အသီးသီးက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု ရရှိခဲ့သည့် ဘိလိယက် လေ့ကျင့်ရေးကွင်းရှိရာ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ မြန်မာ့အလင်းအဖွဲ့ သွားရောက်၍ အီရန်နိုင်ငံတွင် မေ ၁၃ရက်မှ ၂၀ရက်အထိကျင်းပမည့် (၅)ကြိမ်မြောက် အာရှဘိလိယက် ပြိုင်ပွဲ၊ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည့် (၁၅) ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲမည့် အဖွဲ့ချုပ်၏ ကြိုတင် ပြင်ဆင်မှု အခြေအနေကို နည်းပြဆရာ ဒေါက်တာမင်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

နည်းပြဆရာ ဒေါက်တာမင်းနိုင်က မိမိတို့ယခုပြိုင်ပွဲများအတွက် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ဘိလိယက်အဖွဲ့ချုပ် အမှုဆောင် ဦးတင်မောင်ဝင်း(ဘဏ္ဍာရေးမှူး)၊ နည်းပြအဖြစ် မိမိကဆောင်ရွက်လျက်ရှိကြောင်း၊ ဘိလိယက်အားကစားသမားများအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်မှ ကျော်ဦးနှင့် အောင်ဆန်းဦး၊ ပေါက်စတို့ကို အမာခံထားပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ အောင်ဌေးနှင့် နေသွေးဦး (မထသ၊အင်းစိန်)မှတို့အား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်မှု အပိုင်းအနေဖြင့် တနင်္ဂနွေတစ်ရက်သာနားပြီး အားကစားသမားများ Top Table ခုံ၏ အပေါ်ပိုင်းလေးပုံတစ်ပုံရှိဧရိယာအတွင်း လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မြန်မာ့ ဘိလိယက်သမားများသည် ဘိလိယက်နှင့် မစိမ်းခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ် ၅၀ ကျော်က ဘိလိယက်ကိုကောင်းကောင်းကစားခဲ့ကြောင်း၊ မြန်မာ့ဘိလိယက်သမားများအနေဖြင့် ၆ ပေ၊ ၁၂ ပေခုံကိုအသုံးပြု၍ ကစားခဲ့ကြောင်း၊ ယခုမြန်မာနိုင်ငံ ဘိလိယက်အဖွဲ့ချုပ်အနေဖြင့် ၁၀နှစ်တာကာလ အတောအတွင်းတွင် မိမိ ခြောက်နှစ်ကျော်ကာလအထိ နည်းပြအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိ တာဝန်ယူနေချိန် ကာလအတွင်း အဓိကပြိုင်ပွဲနှစ်ပွဲကိုစွဲမက်နှစ်ခြိုက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတစ်ခု၊ ငွေတစ်ခု ရယူခဲ့သည်ကိုလည်းကောင်း၊ ရွှေမရရှိသော်လည်း ၂၀၀၂ခုနှစ် ကိုရီးယားနိုင်ငံတွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ ဘိလိယက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာနိုင်ငံမှ ကျော်ဦးသည် ချန်ပီယံခုနစ်ကြိမ်ရယူခဲ့ကြောင်း။

စနစ်တကျလေ့ကျင့်

အိန္ဒိယနိုင်ငံသား Geeth Seethi ကို အနိုင်ရပြီး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့၍ အထူးပင် ဂုဏ်ယူခဲ့ရကြောင်း၊ ယခုမိမိတို့လေ့ကျင့်ရေးကွင်းတွင် စည်းကမ်းနှင့်အချိန်တန်ဖိုးနားလည်အောင် Time is A Killing Factor ဆောင်ပုဒ်ကိုလေ့ကျင့်ရေးခန်းမတွင် ရေးဆွဲထားပြီး အချိန်ပြည့် စနစ်တကျ လေ့ကျင့်လျက်ရှိကြောင်း အကျယ်တဝင့် ရှင်းပြသွားသည်။

ဘိလိယက်ရွှေတံဆိပ်ဆုရှင် ကျော်ဦး (မြို့တော်စည်ပင်) နိုင်ငံတကာ ပြိုင်ပွဲများအတွက် ဤသို့ လေ့ကျင့်လျက်ရှိသည်။

(မြန်မာ့အလင်း)

ကမ္ဘာသိ

မြန်မာနိုင်ငံဘိလိယက်အဖွဲ့ချုပ် ၁၀နှစ်တာ ကာလအတွင်း အောင်မြင်မှုများအနေဖြင့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်အားကစားနည်းမှ ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့ပြီး အာရှအားကစားပြိုင်ပွဲမှ ကမ္ဘာ့ချန်ပီယံ ခုနစ်ကြိမ် ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံသား ဘိလိယက်ချန်ပီယံကို အနိုင်ရယူခဲ့ကာ ကမ္ဘာ့ဘိလိယက်လောကကို လှုပ်ရှားစေနိုင်ခဲ့ပြီး မြန်မာ့ ဘိလိယက်အစွမ်းကို ကမ္ဘာကသိအောင် ပြသနိုင်ခဲ့ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

ဧရာဝတီတိုင်း၏ ဂုဏ်ဆောင် ဆရာတော်ကြီးများ ဖြစ်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတဆရာတော်ကြီးနှစ်ပါး၊ ပုသိမ်ခရိုင်အတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါးနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ ပူဇော်ကြသည့် ဥပါသကာ သုံးဦးတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့်အတွက် ယင်းတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃ (စီ)ရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ဧပြီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အခမ်းအနားဖွင့် စာတမ်းကိုဖတ်ကြားလျှောက်ထားပြီး ဝေဠုဝန် သာသနာပိုင် ဆရာတော်ဘဒ္ဒန္တနာဂဝံသ ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပုသိမ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးစိုးဟန်လင်း သီရိသုဓမ္မမဏိဇောတရေက ဆရာတော်များအား ပူဇော်ရခြင်းအကြောင်း လျှောက်ထားကာကြွရောက်လာသော ဧည့်ပရိသတ်တို့က ဆရာတော်များအား ဂုဏ်ပြုလှူဒါနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ဓါတ်ပုံ)

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တို့အား ဂုဏ်ပြုလွှာများပေးအပ်ပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တ ဩဘာသဝံသထံမှ အနုမောဒနာတရားနာယူ၍ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) တက္ကသိုလ်ရိပ်သာလမ်း အမှတ်၇၁နေ ဦးလှရွှေ-ဒေါ်လှလှမိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သီတဂူ ရေအလှူတော် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၄

စစ်ကိုင်တောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ(D-Litt) (Ph. D.) ဆရာတော်ကြီး၏တရားပွဲကို လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအာဇီဝကျောင်းလမ်း ဓမ္မမာမက သာသနာ့ရိပ်သာ ဓမ္မာရုံကြီးတွင် (၁၃၆၇ခုနှစ် တန်ခူးလဆန်း ၁၀ရက်) ဧပြီ ၇ရက် (သောကြာနေ့)ညတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်ပွဲစဉ်(၃၂)လက်ကျန်ပွဲ ဘလက်ဘန်းနှင့် ဝီဂန်တစ်မှတ်စီခွဲဝေယူ

လန်ဒန် ဧပြီ ၄

ပရီမီယာရှစ် ပွဲစဉ်(၃၂)လက်ကျန်ပွဲအဖြစ် ဘလက်ဘန်းအသင်းနှင့် ဝီဂန်အသင်းတို့သည် ဧပြီ ၃ ရက်ညပိုင်းက အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ယှဉ်ပြိုင်ကစား

ဘလက်ဘန်းအသင်းနှင့် ဝီဂန်အသင်းတို့ ယှဉ်ပြိုင် ကစားရာတွင် ဘလက်ဘန်းမှ ပေါလ်ဒစ်ကော့ဗ်နှင့် ဝီဂန်မှ ဒီဇီရှူးတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်သင်းစလုံး အနိုင်ဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးဖောက်ကစားခဲ့ကြရာ အိမ်ရှင်ဘလက်ဘန်းအသင်း အရှုံးပေးရတော့မည့်အချိန်တွင် လူစားဝင်ကစားသည့် ကူကျီက ပွဲပြီးရန် ငါးမိနစ်အလိုတွင် တစ်ဂိုးသွင်းပေးလိုက်နိုင်သဖြင့် ပြိုင်ဖက်ဝီဂန်အသင်းထံမှ တစ်မှတ်ခွဲဝေယူခွင့်ရရှိသွားသည်။

မျှော်လင့်ချက်ပျက်ပြယ်

ပွဲချိန် ၅၃ မိနစ်တွင် ဂျေဆင်ရောဘတ်က ဝီဂန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းပေးနိုင်ခဲ့သည်။ သို့ရာတွင် ၈၄ မိနစ်တွင် ဘလက်ဘန်းကစားသမား ကူကျီက ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။ ကူကျီ၏ ချေပဂိုးကြောင့် ဝီဂန်တို့ အနိုင်ရရှိရေး မျှော်လင့်ချက် ပျက်ပြယ်သွားရသည်။

ခွဲဝေယူ

ဝီဂန်ဂိုးသမားဖီလန်သည်ဘလက်ဘန်းတိုက်စစ်မှူး ဘယ်လာမီ၏ သွင်းဂိုးကို လုပစွာကာကွယ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် အိမ်ရှင် ဘလက်ဘန်းအသင်း တစ်မှတ်ခွဲဝေယူခွင့် ရရှိသွားခဲ့သည်။

တစ်ဂိုးနစ်နာခဲ့

ဘလက်ဘန်းကစားသမား စတီဗင်ရိဒ် ပွဲအစပိုင်းတွင် ဖွင့်ဆော်ဦးဂိုးသွင်းယူမည့် အနေအထားရရှိခဲ့သော်လည်း ဝီဂန်ကစားသမား ကာဗင်နက်က ကာကွယ်နိုင်ခဲ့သည်။ ဝီဂန်တို့ ပထမပိုင်း ပွဲပြီးခရာမှုတ်သည့်တိုင်အောင် ဂိုးသွင်းခွင့်များမရဘဲ ဖြစ်ခဲ့ရသည်။ ဘလက်ဘန်းမှ ဒစ်ကော့ဗ်နှင့် ပီတာဆင်တို့အတွဲက အပြန်အလှန်အပေးအယူ လုပ်ပြီး ကစားခဲ့ရာ ဘောလုံးမှာ ဂိုးတန်းနားပြုတ်ကျခဲ့ပြီး ဂိုးသွင်းသူမရှိ၍ တစ်ဂိုးနစ်နာခဲ့ရသည်။

အနိုင်ဂိုးစသွင်း

ဒုတိယပိုင်းတွင် ဝီဂန်က ပြန်ဖိကစားလာခဲ့သည်။ ဘလက်ဘန်းဂိုးသမား ဖရက်ဘရီဒယ်ကမက်ကူလော့ဂျ် သွင်းယူသော ဂိုးကို ကာကွယ်နိုင်ခဲ့သည်။ ဝီဂန်တို့၏ အပြင်းအထန် တိုက်စစ်ကြောင့် ရောဘတ်က ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။ ယင်းဂိုးမှာ ဇန်နဝါရီလကတည်းက ရောဘတ်၏ပထမဆုံးသောဂိုးဖြစ်သည်။ ယင်းဂိုးသွင်းပြီး မကြာမီ ရောဘတ်သည် နေးလ်ကို တံတောင်နှင့်တွက်ခဲ့သဖြင့် အဝါကတ်အပြခံလိုက်ရသည်။ ဝီဂန်တို့စိတ်လှုပ်ရှားစွာဖြင့် ဘလက်ဘန်းအသင်းကို အနိုင်ဂိုးစသွင်းနိုင်ခဲ့သော်လည်း တစ်မှတ်စီသာ ခွဲဝေယူနိုင်ခဲ့သည်။

ဘလက်ဘန်းအသင်းနှင့် ဝီဂန်အသင်းတို့သည် ပရီမီယာရှစ်၏ အဓိက ပြိုင်ဘက်နှစ်သင်း ဖြစ်လာသည်။ ။

(အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

ဝင်ဘယ်ဒန် အမျိုးသမီးတင်းနစ်ချန်ပီယံများ အမျိုးသားများနည်းတူ ဆုကြေးငွေရရှိရေး ကြိုးပမ်းမည်

လန်ဒန် ဧပြီ ၄

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲသည် အင်္ဂလန်နိုင်ငံ၏ အကြီးမားဆုံးသော ဂရင်းဆလမ်းတင်းနစ်ပြိုင်ပွဲကြီးဖြစ်သည်။

ဆုကြေးငွေပိုများ

ယင်း ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီး ဆုရရှိမှုကို ခွဲခြားသတ်မှတ်ထားသည်။ အမျိုးသမီးတစ်ဦးချင်း ဆုရရှိမှုထက် အမျိုးသား ဆုကြေးငွေရရှိမှုက ပို၍များသည်။

ပြင်ဆင်ခဲ့

ပြင်သစ်အိုးပင်းချန်ပီယံ တင်းနစ်အဖွဲ့က ၎င်း၏ ဆုချီးမြှင့်ရေးနှင့် ပတ်သက်ပြီး မူဝါဒများကို ပြင်ဆင်ခဲ့ပြီးဖြစ်သည်။

ဆုံးဖြတ်ထား

ပြင်သစ် အိုးပင်းချန်ပီယံ ကျင်းပသူများက ယခုနှစ်တွင် အမျိုးသားနှင့် အမျိုးသမီး ချန်ပီယံများအတွက် ဆုကြေးငွေကို တန်းတူအခွင့်အရေးပေးရန် ဆုံးဖြတ်ထားသည်။

အဝေဖန်ခံ

သို့ရာတွင် အခြားသော အမျိုးသမီး တင်းနစ်ကစားသမားများသည် ယင်းတို့၏ အမျိုးသားတင်းနစ် ကစားသမားများထက် ဆုကြေးငွေရရှိမှုနည်းပါးခြင်းကို အဝေဖန်ခံကြရသည်။

ထုတ်ပြန်ကြေညာမည်

ဝင်ဘယ်ဒန်က ဆုကြေးငွေ ချီးမြှင့်မှုနှင့် ပတ်သက်ပြီး ယခုလနှောင်းပိုင်းတွင် ၂၀၀၆ ဆုကြေးငွေ ချီးမြှင့်မှုကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဖလားကိုယ်စီ

နက်စ်ဒက်-၁၀၀ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ကွက်ဇ်ညွှက်ဆိုဗာ(ဝဲ)နှင့် ဒုတိယဆုရ ရှာရာပိုဗာတို့အား ဖလားကိုယ်စီနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တန်းတူချီးမြှင့်မည်

ရိုးလင်းဂါရိုးစ်၌ ကျင်းပမည့် အဆိုပါ တစ်ဦးချင်းချန်ပီယံပြိုင်ပွဲများတွင် ဗိုလ်စွဲပါက ယူရိုငွေ ၈၄၀၀၀၀ ဆွတ်ခူးရရှိမည်ဖြစ်သည်။ သို့ရာတွင် အမျိုးသားတစ်ဦးချင်း ဒုတိယဆုကြေးငွေကို ယူရို ၄၇၀၀၀၀ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသမီး ဒုတိယဆုရရှိမှုနှင့်တန်းတူနှိုင်းယှဉ်လျက် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီး ချန်ပီယံများကိုလည်း အမျိုးသားချန်ပီယံများကဲ့သို့ တန်းတူ ဆုကြေးငွေ ချီးမြှင့်ပေးရန် တိုက်တွန်းထားကြောင်း ဒဗလျူတီအေ အမှုဆောင်အရာရှိ လာရီစကော့က ပြောကြားသည်။

(အင်တာနက်)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း

မြန်မာ့လေကြောင်း၏ နေ့စဉ်လေယာဉ်ခရီးစဉ်များတွင် အသုံးပြုရန်အတွက် Baggage Tag ကတ် ၃၀၀၀၀ ဝယ်ယူလိုပါသည်။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလိုသူများသည် မြန်မာ့လေကြောင်း(ရုံးချုပ်) အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် လာရောက်စုံစမ်းပြီး ချိပ်ပိတ်ဈေးနှုန်းများကို ၇-၄-၂၀၀၆ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးတင်ပြရမည်။

မြန်မာ့လေကြောင်း။

အမည်ပြောင်း အထက ဖားကန့် နဝမတန်း(ဂ)မှ အဖ ဦးမောင်အိုက်၏ သမီး မမွှေးဟောင်အား ၁/ကမန(နိုင်)၀၂၆၃၆၄အရ မသန်းသန်းနွယ် ဟု ပြောင်းလဲခေါ်ပါရန်။ **မသန်းသန်းနွယ်။**

ကြက်ဆူကိုင်းများ ရှင်သန်ကြီးထွားမှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ကျောက်တော်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်းပျိုးထောင်ပြီး ခြံစည်းရိုးကြက်ဆူပင်၃၀၀၀၀ ပျိုးထောင်ထားရှိသည့် ကြက်ဆူစေ့၊ ကြက်ဆူကိုင်းများ ရှင်သန်ကြီးထွားနေမှု အခြေအနေကို မတ်၅ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုးက ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိဘများဖြစ်ကြသော ဦးအုန်းတင်-ဒေါ်ကြည်တို့အားရည်စူး၍ ဦးမြင့်ဦး-ဒေါ်သစ်သစ်ဦး၊ မြေး အောင်မျိုးကို မိသားစုတို့က တတိယအကြိမ် အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

383524, 299520

Asahi MAGIC STAR

7DAY NEWS JOURNAL

SUCCESS LANGUAGE ACADEMY
ENGLISH SPEAKING 3 Apr 6-7:30 p.m. 22 Apr 3:00-5 p.m. 24 Apr 7:30-9 a.m.
Basic Writing 3 Apr 7:30-9
Pre-Intermediate 19 Apr 6-7:30 15 May 1-2:30
Intermediate 4 Apr 7:30-9
Academic Writing 24 Apr 3:30-5
Grammar Foundation 8 Apr (Sat + Sun)
IELTS (Special) Level (I) 4 Apr (7:30 a.m.) Level (II) 22 May (1 p.m.)
Y.W.C.A 202046, 200601

KMD
e-commerce site/ website
Software Engineering in Database & Ecommerce Duration: 200 Hours
22 April (7:00-2:00) Sat-Sun
Customized Program
Software Engineering Duration: 340 Hours
24 April (2:00-5:30) Mon-Fri, 3 May (7:00-10:30) Mon-Fri

နေကာနန်းဆောင်၊ ပါပါနန်းဆောင်၊ နာရီနန်းဆောင်
NEW ARRIVAL
Discount 5% to 40%
၂၀၀၆ ခုနှစ် မဟာသင်္ကြန်
နှစ်သစ်ကူးအထူးအစီအစဉ်
နေကာမျက်မှန်၊ ပါဝါမျက်မှန် နာရီမျိုးစုံ ဝယ်ယူသူ ချစ်မိတ်ဆွေများအတွက်
(၁-၄-၂၀၀၆) နေ့မှ (၁၃-၄-၂၀၀၆) အထိ
နံနက် (၉:၀၀) မှ ည (၈:၀၀) အထိ ရောင်းချပေးနေပါပြီ။
T-Shirt + Cap
T-Shirt
Ext ၂၂၂

မြန်မာနှစ်သစ်ကူးအကြိုအထူးအစီအစဉ်
Wall Covering Design (51) မျိုး :10% Discount, (100) : 15% Discount, 1st to 11th April' 2006
Modern Furniture
Architectural Design
Wall Covering
C-channel L-Bar
(PAE) { Type (A) 8,500/- Type (B) 9,500/- Type (C)12,500/-}
THREE FRIENDS CONSTRUCTION CO.,LTD.
CONSTRUCTION, DESIGN, DECORATION & ENGINEERING
44A (1) Ph: 01-201121, 294864, 201478, 09-50-11443, 09-50-10289, 01-294227 Ext: 4117

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ရှေ့လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းပွဲ မြင်းမူမြို့၌ ကျင်းပ

မြင်းမူ မတ် ၃၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးလုပ်ငန်းလမ်းညွှန်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၅ ရက်က မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရွှေပြည်သစ် ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သီတာထွန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုနှင့် အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက တစ်နှစ်တာအတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး အမျိုးသမီးရေးရာအဖွဲ့အမှုဆောင်ဒေါ်ခင်လေးနွယ်က လူကုန်ကူးမှုဆိုင်ရာကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

အမှာစကား

ထို့နောက်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်မြင့်သန်းက လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ထပ်ဆင့်မှာကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သီတာထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **(၁၆၇)**

ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးတင်စော အမှူးထား၍ သန်လျင်မြို့ မြို့ဟောင်း အလက တတိယအကြိမ်မြောက် စုပေါင်းရှင်ပြုနှင့်သီလရှင်ဝတ်ပွဲကို မတ်၂၅ရက်က ကျောင်းခန်းမ၌ကျင်းပရာ ရင်သွေးငယ်များအား သာသနာ့ဘောင်သို့ သွတ်သွင်းအပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းနှင့်တွေ့ရစဉ်။

(ခရိုင် ပြန်/ဆက်)

ရွှေဘိုမြို့နယ် ဦးအောင်မြတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မတ်၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၆-၄-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သူတို့ပြောသည့် အချစ်ဆိုသည်မှာ (ကောင်းသန့်)
(၂) သာလွန်-အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန် [ဦးတင်ဝင်းနိုင်(သာလွန်)]

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အသက်ရှည်ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုအရေးပါပုံ-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့်အာဟာရ [မုန်လာချောင်း (ခ)အော်စွန်းချောင်း]

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာ

၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ပိတောက်မပွင့်တဲ့ သင်္ကြန်)

၂၀း၃၀ မေတ္တာလက်ဆောင်ရသင်္ကြန် တေးစီးရီး(ချိုကြည်သာတေး ထုတ်လုပ်ရေးမှမေတ္တာလက်ဆောင် ပေးပို့သည့် တစ်ခုသောမမေ့သော အိပ်မက်သင်္ကြန်တေးစီးရီး)

ဓမ္မသိင်္ဂီပျော်ဘွယ်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ ကုန်းတလပေါင်းစံပြကျေးရွာရှိ ဓမ္မသိင်္ဂီ ပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်းတရားစခန်းပွဲနှင့် ဒုလ္လဘရဟန်းခံပွဲကို ဧပြီ၃ရက်မှ ၁၇ရက်အထိ ပခုက္ကူတိုက်သစ်ကျောင်း ဆရာတော်ပါရဂူငါးဘွဲ့ရဘဒ္ဒန္တဝိစာရ ဓမ္မသာမိမထေရ်ဦးဆောင်၍ ဓမ္မသိင်္ဂီပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာ ပဓာနနာယက ဦးဝိသုဒ္ဓရုံသီ၊ ဦးနန္ဒဝံသ၊ ဦးဝရာလင်္ကာရ၊ ဦးမင်္ဂလ၊ ဦးနန္ဒာသီရိ၊ ဦးသောပါကတို့နှင့် ကျောင်းတိုက်ကပ္ပိယကာရကအဖွဲ့တို့က ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဖုန်း-၆၅၁၉၅၇နှင့် ၇၀၆၉၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးကောင်းမြို့၌ ပန်းဥယျာဉ်စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားပြစက်နှင့် သုတ၊ ရသစာအုပ်များလှူဒါန်း

မိုးကောင်း မတ် ၂၅

မိုးကောင်းမြို့နယ် ထီးချိုင့်ကျေးရွာ ပညာသမ္ပတ္တိကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတ (သာသနဓဇဓမ္မာစရိယ)က ဦးဆောင်ကြီးမှူး၍ ပန်းဥယျာဉ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၀ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာတော်ဘဒ္ဒန္တသုဇာတ (သာသနဓဇ ဓမ္မာစရိယ)က ၂၁လက်မအရွယ်ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဗီစီဒီပြစက်တစ်လုံးကို လည်းကောင်း၊ စေတနာရှင်များက ငွေကျပ်ခြောက်သောင်းနှင့် သုတ၊ ရသစာအုပ်များကိုလည်းကောင်း စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်နိုင်ယုနှင့် အတွင်းရေးမှူး ဦးဇော်သူရတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုဇာတ (သာသနဓဇဓမ္မာစရိယ)၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၄၁၆)**

နန်းရှင်းချောင်းကူး ကြိုးတံတား

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မိမြို့ဖများ ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်ပြည်သူများစုပေါင်းလှူဒါန်းငွေဖြင့်ကိုယ့်အားကိုယ်ကိုးတည်ဆောက်သည့် ၉၅ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သော အကျယ်၁၂ပေ၊ အရှည်ပေ၁၃၀ရှိ နန့်ရှင်းချောင်းကူး ကြိုးတံတားကို မတ်၁၆ရက်က တွေ့ရစဉ်။ (၁၅၂)

ပညာရည်ချွန် ဆုချီးမြှင့် အလှူရှင်များအား ဂုဏ်ပြု

မြစ်ငယ် မတ် ၁၆

မန္တလေးတိုင်း အမရပူမြို့နယ် ဒေါင်းရွေးကျေးရွာအုပ်စု မယ်တော်စုကျေးရွာ အမှတ်(၇၁)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ခုပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၈ရက် နံနက်၉နာရီက အဆိုပါကျောင်းစာသင်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးကျော်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်နှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရီတို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်စိုးက ပညာရည်ချွန်ဆုပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ကျောင်းလိုအပ်ချက်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက်အလှူရှင်များအား ကျောင်းအုပ်ဆရာမကြီးကဂုဏ်ပြုလွှာများပေးအပ်ပြီး အတန်းလိုက်ပညာရည်ချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(၂၀၉)**

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာဝင်းအတွင်း ရေစုပ်စက်နှင့် ရေပိုက်လိုင်း သွယ်တန်းတပ်ဆင်ရန်အတွက် မတ်၁၂ရက်က မော်လမြိုင်မြို့ ဗဟိုလမ်း အမှတ်(၁၁၇)နေ ဒေါ်တင်ထွေး မိသားစုကိုယ်စား ဒေါက်တာစိုးဝင်း က ငွေကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီက လက်ခံရယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ မြိတ်မြို့၌ ကျင်းပ

မြိတ် မတ် ၂၅

မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၁ရက် နံနက် ၁၀နာရီက မြိတ်မြို့နယ် ပြင်းငယ် ကျေးရွာအုပ်စု ဆံလှတောင်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးလှမြင့်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးသင့်သည့် အချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြင်းငယ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအေးသန်းနှင့် စာပေဝါသနာရှင်များ၊စာကြည့်တိုက် ကော်မတီဝင်များနှင့် စာကြည့်တိုက် တာဝန်ခံများက စာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်စာတမ်းများ၊စာကြည့်တိုက် တာဝန်ခံနှင့် စာကြည့်တိုက် စာရင်းဇယားများ ထိန်းသိမ်းကြီးကြပ်ရေး နှင့် ရန်ပုံငွေ ရရှိရေးများကို အကြံပြုဆွေးနွေးကြသည်။

ယင်းအကြံပြုဆွေးနွေးချက်များအပေါ် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က လိုအပ်သည်များကို ထပ်မံဖြည့်စွက် ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီ တပေါင်းဘုရားပွဲတော်ကျင်းပ

တောင်တွင်းကြီး မတ် ၂၅

တောင်တွင်းကြီးမြို့ ကျက်သရေဆောင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး**(ဓဲပုံ)** တပေါင်းဘုရားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် နံနက် ၇ နာရီမှ စတင်၍ စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်တွင် ကျင်းပရာ ဆွမ်းတော်ကြီးတင်လှူပူဇော် ကြည်ညိုခြင်း၊ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇောဘာသ ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဘုရားအနေကဇာတင် ရွတ်ဖတ်ပူဇော်ကြည်ညိုခြင်း၊ ရပ်ကွက်များမှ ဝတ်အသင်းများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြည်ညိုကြသည်။ **(၁၇၉)**

သန်လျင်မိုးကုတ်ရိပ်သာ သကြိန်တရားစခန်းပွဲ

သန်လျင် ဧပြီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၂၄) သိပ္ပံလမ်း အုတ်ဖိုစု ရပ်ကွက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၁၂၆)၏ (၆၆)ကြိမ်မြောက် သကြိန်တရားစခန်းပွဲကို နှောင်းတန်ခူးလဆန်း ၁၃ရက်မှ ဦးတန်ခူးလပြည့်ကျော် ၄ရက် (ဧပြီ ၁၀ရက်မှ ၁၆ရက်)အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကောသလ္လ(ဘီအေ) မော်လမြိုင် ကျောင်း ငါးထပ်ကြီး ကျောင်းတိုက် ရန်ကုန်နှင့် ဦးဓမ္မသာရ(လှိုင်လင်မြို့) တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကိုဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အဖွဲ့တည်ရာသို့ဖြစ်စေ၊ဦးစိန်ရွှေ ခရမ်းဆီဆိုင်နှင့်ဒုတိယဥက္ကဋ္ဌဒေါ်အုံးကြည် ဈေးအရှေ့ ဗိုလ်ချုပ်နေဝင်းလမ်းတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၏ ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် မတ် ၁၀ ရက်က ဖခင်ကြီး ဦးခင်မောင်အား ရည်စူး၍ ကျောင်းထိုင်ဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း အမှတ်(စ/၂၉)အေ စိန်ပန်းလမ်း (ငရုတ်အမျိုးမျိုးနှင့် နနွင်းတက်ရောင်းဝယ်ရေး) ဒေါ်အုန်းမေ၊ သမီး မမြတ်သဒ္ဓါစိုးမိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ပုသိမ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ မြို့နယ်အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းဖွင့်

ပုသိမ် မတ် ၁၈

ပုသိမ် ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းဖွင့်ပွဲကို မတ် ၂ ရက် နံနက် ၉နာရီက ပုသိမ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်နန်းတင့်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပုသိမ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် ဌာနအလိုက်၊ အဖွဲ့အလိုက် လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင်၊ စည်းရုံးရေးဌာနကြီးအဖွဲ့ခေါင်းဆောင်နှင့် စည်းကမ်းထိန်းသိမ်းရေးဌာနကြီး အဖွဲ့ခေါင်းဆောင်တို့က ဌာနအလိုက် ဆွေးနွေးဟောပြောကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီသန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပေါက်တော–လက်ပံပြား ကျောက်ချောလမ်းဖွင့်

ပေါက်တော မတ် ၃၀

ပေါက်တောမြို့နယ် ပေါက်တော–လက်ပံပြား ကျေးလက်လမ်းအပိုင်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက် နံနက်က အဆိုပါလမ်းမုခ်ဦးထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူးစံရင်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၄၀၀၀ရှိပြီး ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇၀၀၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ ပြည်သာယာဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် လက်တွေ့သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်မှုနှင့် မီးသတ်ဆေးဘူးများ လက်တွေ့အသုံးချမှုကို ဦးစီးအရာရှိ ဦးကျော်စိုး၊ ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းနိုင်ဦးတို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ လက်တွေ့သရုပ်ပြ ပညာပေးဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

ရွှေပြည်သာမြို့ အမှတ်(၂)သံလွင်လမ်း ၆/၁၀ ရပ်ကွက် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ မရမ်းကုန်းမြို့ (၃)ရပ်ကွက် ပိတောက်ရိပ်ငြိမ်လမ်း က/၉ နေ ဒေါ်မေယုမိသားစုက ဦးယိုရှမ်းကွီအား ရည်စူး၍ အလှူတော်ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးလှိုင်မြင့်နှင့် ဘဏ္ဍာရေးမှူး ဦးတင်ထွန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရေစကြို၌ စာအောင်သံဃာတော်များ စူဠဘွဲ့နှင်း

ရေစကြို ဧပြီ ၂

မကွေးတိုင်း ရေစကြိုမြို့ အောင်မြေသာယာဝန်မင်းကြီးတိုက်တော်ပေါ်တွင် မတ် ၂၄ ရက်က ရေစကြိုမြို့နယ်၏ ၂၀၀၆ ခုနှစ် စာအောင်သံဃာတော်များ စူဠဘွဲ့နှင်းသဘင် ဆင်ယင်ပွဲကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဝင်များ၊ စာအောင်သံဃာတော် အရှင်သူမြတ်များ၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလကဿဝါဒကထာမြွက်ကြားပြီး ငါးပါးသီလချီးမြှင့်တော်မူသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ စာအောင်သံဃာတော်များအား စာအောင်လက်မှတ်များ၊ ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၂၅၁)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (US Dollar and Euro)ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tenders)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T) 3/MR/ML 2006-2007	Spare Parts for Diesel Hydraulic Locomotives	540 Items

ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန် ၂၈-၄-၂၀၀၆ရက် (သောကြာနေ့) (၁၂:၀၀နာရီ)

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၁-၃-၂၀၀၆ရက်နေ့မှစ၍ (ရုံးပိတ်ရက်၊ သင်္ကြန်ပိတ်ရက်များအပါအဝင်) ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၈၅၊(၂၀၁၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂)။

ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ကြီးမှူးသည့်
*** ရွှေမြင်သာယာဉ်မောင်းသင်တန်း အမှတ်စဉ် ၄၁/၂၀၀၆နှင့် အမှတ်စဉ်၄၂/၂၀၀၆တို့ကို ၂၀၀၆ခုနှစ်၊ မေလ ၃ ရက်နေ့နှင့် ၂၀၀၆ခုနှစ် ဇွန်လ ၃ ရက်နေ့များတွင် ဖွင့်လှစ်ပါမည်၊ အထူးအစီအစဉ်အဖြစ် ဝန်ထမ်းတန်းခွဲ ၁၀/၂၀၀၆ ကို ၆-၅-၂၀၀၆ရက်တွင်ဖွင့်လှစ်ပါမည်**
(စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်)

* စနစ်တကျ ယာဉ်မောင်းကျွမ်းကျင်စေရမည်။
* ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံး အမှတ်(၂) လမ်းမကြီးတွင်ဖွင့်လှစ်မည်။
* သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်း မြင်သာရုံးမှ တစ်ဆင့်ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
* နယ်မှ တက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့ စီစဉ်ပေးမည်။
* အမှတ်စဉ် (၄၁/၂၀၀၆)သင်တန်းတက်ရောက်လိုသူများ ၂-၅-၂၀၀၆ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ အမှတ်စဉ်(၄၂/၂၀၀၆) သင်တန်းတက်ရောက်လိုသူများ ၂-၆-၂၀၀၆ရက်နေ့နောက်ဆုံးထား၍ လည်းကောင်း၊ (၁၀/၂၀၀၆) ဝန်ထမ်းတန်းခွဲ တက်ရောက်လိုသူများ ၅-၆-၂၀၀၆ရက်နောက်ဆုံးထား၍လည်းကောင်း၊ အမြန်စာရင်းပေးသွင်းနိုင်ပါသည်။
* သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အချိန်မီလျှောက်ထားရန်နှင့် လူပြည့်ပါက နောက်သင်တန်းအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ

*** ဗဟိုယာဉ်မောင်းလိုင်စင်ဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ရုံးချုပ်)သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၇၃၁၀၉၊ ၅၇၃၁၀၆။**

ချမ်းအေးသာစံမြို့နယ် ဒဂ်ီးရောင်းဝယ်ရေး သမဝါယမအသင်း ကုန်မျိုးစုံလက်လီအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

မန္တလေး မတ် ၂၈

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် နဂါးကွက်သစ်ရပ် ဒဂ်ီးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ကုန်မျိုးစုံလက်လီအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်နံနက် ၉နာရီက ၃၂နှင့်၃၃လမ်းကြား လမ်း၆၀ရှိ အဆိုပါ အရောင်းဆိုင်တွင်ကျင်းပသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရှေးဦးစွာ ကုန်မျိုးစုံ လက်လီဆိုင် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို မြို့နယ် သမဝါယမ ဦးစီးအရာရှိ ဒေါ်ရီရီလှိုင်က ရှင်းလင်းတင်ပြပြီး အသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်နှင့် ဦးစီးအရာရှိ ဒေါ်ရီရီလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့က ဖွင့်လှစ်ထားသော ကုန်ပစ္စည်းခင်းကျင်းရောင်းချမှုကို ကြည့်ရှုရာ အတွင်းရေးမှူး ဦးစိန်မင်းက ရှင်းလင်းတင်ပြသည်။

ရောင်းချ

အဆိုပါအရောင်းဆိုင်တွင် အခြေခံစားကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်၊ လူသုံးကုန်ပစ္စည်းများနှင့်ဆေးပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် နံနက် ၇နာရီမှ ည ၇နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်းသိရသည်။ **(၁၆၂)**

အသိပညာပေးဟောပြော

လူတွင်ဖြစ်ပွားတတ်သော ကြက် ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က တိုက်ကြီးမြို့မ အထက အနော်ရထာခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလှိုင် ပညာပေးဟောပြောစဉ်။ (က-ပ)

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ထောက်ပံ့ငွေဖြင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသော ကျုံကဒက်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာ ခင်းခြင်း လုပ်ငန်းပြီးစီးမှု အပိုင်းကို မတ် ၂၄ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

သဃ်န်းကျွန်းမြို့နယ် ၄/က ရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီသင်တန်း ပေါင်းစုံ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၃၀ ရက်က အမက (၁၃)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေက သင်တန်းဆင်းအမှာစကားပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ထူးချွန်ဆုရ သင်တန်းသူ တစ်ဦးအား ထူးချွန်ဆုချီးမြှင့်စဉ်။ (၀၅၂)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆိုင်းဘုတ်စုပေါင်းစိုက်ထူပွဲ အင်းတော်၌ ကျင်းပ

အင်းတော် မတ် ၃၀

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၄ရက် နံနက် ၁၀နာရီက အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖတ်ကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးသန့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ မိန့်ခွန်းကို ဖတ်ကြားသည်။

စုပေါင်းစိုက်ထူ

ထို့နောက် တက်ရောက်လာကြသူများက ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူကြသည်။

(အောက်ပုံ) (၁၃၃)

အမြို့မြို့ အနယ်နယ် သတင်းများ

နန်းယွန်းမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နန်းယွန်း မတ် ၂၀

နန်းယွန်းမြို့၌ သန့်ရှင်းသာယာလှပရေးအတွက် မတ် ၄ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နေပြည်သူများစုပေါင်း၍ မြို့အတွင်း၌သန့်ရှင်းရေးဆောင်ရွက်မှုကို တာဝန်ခံ ဦးမျိုးသန့်စင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(ပြည်နယ်စည်ပင်)**

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ဟောပြော

ဆားလင်းကြီး ဧပြီ ၂

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို မတ်၁၇ရက် မွန်းလွဲ ၂နာရီက ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးအောင်ကျော်စိုးက မုံရွာခရိုင်၌ ကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆွေးနွေးမှုကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်ဆွေဆွေဝင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဝိတ်တို့က အသိပညာပေးဆွေးနွေးရာ တက်ရောက်လာကြသော မွေးမြူရေးခြံပိုင်ရှင် များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာက ပြန်လည်ရှင်းလင်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် သောင်တူးဖော်မှုစစ်ဆေး စက်သုံးဆီ အလေအလွင့်မရှိစေရေးနှင့် ထိရောက်စွာဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဧပြီ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ့ဆိပ်ကမ်းပိုင် သမီးလှရေယာဉ်ဖြင့် နန်းသီတာဆိပ်ကမ်းမှ သန်လျက်စွန်းအတွင်း စည်းခုံရေကြောင်း သောင်တူးဖော်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် စီမံကိန်းစက်သုံးဆီရရှိမှု အခြေအနေ၊ သောင်တူးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ အတွင်းစည်းခုံ သောင်တူးခြင်းလုပ်ငန်း၊ အပြင်စည်းခုံ သောင်တူးခြင်းလုပ်ငန်း၊ ကျားပါးစပ် သောင်တူးလုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ကြပ်မတ်ဆောင်ရွက်

ဆက်လက်၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် သင်္ဘောကြီးများ ကုန်တင်ကုန်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရတနာသိင်္ခ သောင်တူးရေယာဉ် သန်လျက်စွန်းအတွင်း စည်းခုံရေလမ်းကြောင်း သောင်တူးဖော်နေခြင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက စက်သုံးဆီ အလေအလွင့်မရှိစေရေးနှင့် ထိရောက်စွာ သောင်တူးဖော်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ ●

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရတနာသိင်္ခ သောင်တူးရေယာဉ် သောင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေနံချောင်းစက်မှုဇုန်လုပ်ငန်းများစစ်ဆေး သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်ပြီးစီးနေမှုနှင့် စက်အစိတ်အပိုင်းများ တပ်ဆင်နေမှုကြည့်ရှု

ရန်ကုန် ဧပြီ ၄

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမဦးစီးဌာနနှင့် UNDP ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်း၏ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ UNDP အသေးစားချေးငွေလုပ်ငန်း အပူပိုင်းဇုန်တာဝန်ခံက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးမှူးက သမဝါယမလုပ်ငန်းများ အခြေအနေနှင့် သမဝါယမ ကြက်ဆူပင် စိုက်ပျိုးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက UNDP ဝန်ထမ်းများအား ချေးငွေလုပ်ငန်း စနစ်တကျရှိရေး၊ ငွေကြေးလုံခြုံရေးနှင့် ချေးငွေလုပ်ငန်းကို ကျေးရွာများသို့ ပိုမိုတိုးချဲ့ရေး ကိစ္စများကို အသေးစိတ်မှာကြားသည်။ မြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများကိုလည်း ဝန်ထမ်းစည်းကမ်းနှင့်အညီ နေထိုင်ရေး၊ သမဝါယမအသင်းများ တိုးတက်မှုရှိစေရန်နှင့် သမဝါယမ ထုတ်ကုန်များ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် ယခင်ထက်အဆများစွာတိုးတက် ကြိုးစားရေးကိစ္စများ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြို့နယ် သမဝါယမဦးစီးဌာန၏ ခြံစည်းရိုး ကြက်ဆူပျိုးပင် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

တောင်ဒဂုံ စက်မှုဇုန်(၃) UCM မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ယာဉ်များကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပြည်ပသွင်းကုန်အစားထိုး စက်မှုကုန်ထုတ်ပစ္စည်းများ တောင်ဒဂုံစက်မှုဇုန်များမှ ကြိုးပမ်းထုတ်လုပ်နေ

သတင်းဆောင်းပါး
မြင့်မောင်စိုး

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

အနာဂတ်ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးနှင့်စီးပွားရေးခေတ်အင်အား ကြွယ်ဝလာစေရန် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရမည့် အချက်တစ်ရပ်ပင်ဖြစ်သည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် တဖြည်းဖြည်းချင်း နည်းပညာများ၊ တစ်ဆင့်ပြီးတစ်ဆင့်တိုးတက် ကြိုးဆလုပ်ဆောင်ခြင်းဖြင့် စက်မှုလုပ်ငန်းများ တိုးတက်မှု အရှိန်အဟုန်မြင့်မားလာမည်ဖြစ်ပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဧပြီ ၅ ရက်)၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။